


MAPCO






# Myanmar Agribusiness Public Corporation Limited





Annual Report | **2015**

# Myanmar Agribusiness Public Corporation Limited

Annual Report | *2015*



# ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကား

## ခင်မင်လေးစားရပါသော အစုရှယ်ယာရှင်များနှင့် မိတ်ဆွေသင်္ဂဟများခင်ဗျား

၁။ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) ဖွဲ့စည်းတည်ထောင်ခြင်းသည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် (၃)နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါသည်။ MAPCO အနေဖြင့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသော မျှော်မှန်းချက်၊ ဦးတည်ချက်များအတိုင်း ရှေ့သို့ ချီတက်ခရီးဆက်လျက်ရှိပါသည်။ (၃)နှစ်တာကာလအတွင်း အခွင့်အလမ်းများ၊ စိန်ခေါ်မှုများ၊ အကျိုးအမြတ်များနှင့် ဆုံးရှုံးမှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး အစုရှယ်ယာရှင်များအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှုကို အာမခံနိုင်သည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်စေရန် ကျွန်တော်နှင့် ဒါရိုက်တာအဖွဲ့သည် စဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။ ကျွန်တော်တို့ ဆောင်ရွက်နေသောလုပ်ငန်းများအနက်မှ တစ်ချို့ကို ကောက်နုတ်ဖော်ပြလိုပါသည်။

၂။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် MAPCO အနေဖြင့် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းကို စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ MAPCO ၏ လယ်ယာစီးပွားရေးဝန်ဆောင်မှုဌာန (ASC)များမှနေ၍ ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးဧရိယာဧက(၆၀၀၀၀)ခန့်အတွက် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးများတွင်သာမက လူနည်းစုတိုင်းရင်းသားများနေထိုင်သည့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်ပါ ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးနှင့်စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးရေးတို့ကိုလုပ်ဆောင်လျက်ရှိနေသည်ကို ဖော်ပြလိုပါသည်။ လယ်ယာလုပ်သားရှားပါးမှုကြောင့် တောင်သူလယ်သမားများ ကြုံတွေ့နေရသောအခက်အခဲများကို MAPCO အနေဖြင့် ကူညီဆောင်ရွက်ပေးနေသလို တစ်ဖက်တွင်လည်း လယ်ယာသီးနှံများအရည်အသွေးကောင်းမွန်စေခြင်း၊ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေခြင်းနှင့် အချိန်ကုန်သက်သာခြင်း၊ လုပ်ပင်ပန်းမှုသက်သာခြင်းတို့ကိုပါ အကျိုးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၁၅ ခုနှစ်၊ ဖွန်လတွင် MAPCO ၏နေပြည်တော်ဆန်စက်ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ ပါသည်။ နိုင်ငံတော်ဒုတိယသမ္မတဦးညာဏ်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီးများ ဒါရိုက်တာအဖွဲ့ဝင်များနှင့် MAPCO ၏ စီးပွားရေးမိတ်ဖက်များစုံညီစွာတက်ရောက်ခဲ့ပြီး၊ MAPCO ၏ထုတ်ကုန်ဖြစ်သော ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အလေးချိန်မှန်၊ အရည်အသွေးမှန်သည့် MJ Rice ကိုစတင်မိတ်ဆက်နိုင်ခဲ့ပါသည်။ ယနေ့အချိန်တွင် နေပြည်တော်ဆန်စက်အနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်နေပြီဖြစ်ပါသည်။ မူလက နေပြည်တော်ဒေသတွင် ဆန်စက်တည်ထောင်ရင်းနှီးမြှုပ်နှံခြင်းအတွက် သံသယများရှိခဲ့ကြသော်လည်း ယနေ့တွင်မူ လုံလောက်သောကုန်ကြမ်းရရှိမှု၊ ဈေးကွက်ရရှိမှုတို့ကြောင့် အကျိုးအမြတ်အထူးကောင်းမွန်စွာရရှိနိုင်သည့် အခြေအနေကောင်းများရှိနေပြီ ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်၊ ဩဂုတ်လများမှ ဖြစ်ပွားခဲ့သော ရေဘေးသဘာဝ အန္တရာယ်ကာလတွင် MAPCO ၏ နေပြည်တော် ဆန်စက်အနေဖြင့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် စားနပ်ရိက္ခာပြတ်လပ်မှုမရှိစေရေးအတွက် မရပ်မနားစက်လည်ပတ်ပြီး သင့်တင့်မျှတသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ခဲ့၍ MAPCO ၏ **"စားနပ်ရိက္ခာဖူလုံမှုကို အထောက်အပံ့ပြုမည်"** ဆိုသော ရည်ရွယ်ချက်ကို လက်တွေ့ကျကျဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

၄။ MAPCO အနေဖြင့် ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျိုက်လတ်ဆန်စက်စတင်လည်ပတ်နိုင်စေရန်နှင့် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ် တွံ့တေးဆန်စက်၊ ရန်ကုန်(သီလဝါ)ဆိပ်ကမ်းအကွက်အမှတ်(၂၈)၏ စီမံကိန်း ပထမအဆင့် စတင်နိုင်မှု၊ Mitsui-Behn Meyer တို့နှင့် ဖက်စပ်ထူထောင်သည့် ဓါတ်မြေဩဇာစက်ရုံ၊ ရေဝတီတိုင်း(မအူပင်)နှင့် ပဲခူးတိုင်း(လက်ပံတန်း)တို့တွင်ခေတ်မီဆန်စက်များကိုပြီးစီးနိုင်စေရန်နှင့် စီးပွားရေးလုပ်ဆောင်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အစုရှယ်ယာရှင်များ မျှော်လင့်နေသည့် Yangon Stock Exchange တွင် စာရင်းသွင်း (Listed) ဖြစ်စေရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်ထားပြီဖြစ်၍ အစုရှယ်ယာရှင်များ ကျေနပ်အားရဖွယ်ရာဖြစ်မည်ဟု ယုံကြည်ပါသည်။

၅။ MAPCO မှ ရင်းနှီးမြှုပ်နှံထားသော သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း MTSH ကုမ္ပဏီသည် ယခုနှစ်မှစတင်၍ အမြတ်ဝေစုရရှိပြီဖြစ်ပါသည်။ ထို့အပြင် မကြာမီက နိုင်ငံတော်အစိုးရ၏စီစဉ်မှုဖြင့် 4th Telecom Operator လိုင်စင်အတွက် ဖွဲ့စည်းသည့် Myanmar National Telecom Holdings Public Company တွင်လည်း MAPCO အနေဖြင့် ပါဝင်ရွေးချယ်ခံရသည့် အများပိုင်ကုမ္ပဏီ(၁၁)ခုတွင်ပါဝင်ခဲ့၍ သီလဝါအထူးစီးပွားရေးဇုန်ကဲ့သို့အကျိုးအမြတ်သေချာသည့်မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုနောက်တစ်ခုကို ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

၆။ ကျွန်တော်၏ ဦးဆောင်မှု၊ အုပ်ချုပ်မှုဒါရိုက်တာ၏ စီမံခန့်ခွဲမှု၊ အမှုဆောင်ဒါရိုက်တာနှင့် ဒါရိုက်တာများ၏ ကြီးကြပ်မှု၊ ဝန်ထမ်းများ၏ ကြိုးစားဆောင်ရွက်မှု တို့ဖြင့် MAPCO သည် မကြာမီကာလတွင် အောင်မြင်မှု များ၊ အကျိုးအမြတ်များ ပို၍ရရှိလာနိုင်တော့မည်ဟု မျှော်လင့်ပါသည်။ လက်တွေ့ကျပြီး ရေရှည်တည်တံ့သော အကျိုးအမြတ်နှင့် ရလဒ်ကောင်းရရှိနိုင်မည့် စီးပွားရေးလုပ်ငန်းများကို စနစ်တကျရွေးချယ်ဆောင်ရွက်ခြင်းဖြင့် အစုရှယ်ယာရှင်များ၏ရေရှည်အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြုပြောကြားအပ်ပါသည်။

# MAPCO ဖြစ်ပေါ်လာပုံ

**မြန်မာ** နိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် ဗဟိုအလုပ်မှု ဆောင်အဖွဲ့ဝင်များသည် (၂၃ . ၁.၂၀၁၂) ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံ၍ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။ နိုင်ငံတော်သမ္မတကြီးက အများပြည်သူပါဝင်မှုရှိသည့် အများပိုင်ကုမ္ပဏီဖွဲ့စည်းပြီး ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် လမ်းညွှန်ခဲ့သဖြင့် **MAPCO** အများပိုင်ကုမ္ပဏီအဖြစ် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်အမှတ်(၁၃၄/၂၀၁၂-၂၀၁၃)ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး၊ (၁.၈.၂၀၁၂)ရက်နေ့တွင် လုပ်ငန်းစတင်လုပ်ဆောင်ခွင့်လက်မှတ် **(Certificate for Commencement of Business)** အမှတ် ၁/၂၀၁၂ ကို ရရှိခဲ့ပါသည်။ အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံး လုပ်ကိုင်ခွင့်ရရှိသော အများပိုင်ကုမ္ပဏီကြီးတစ်ခု ဖြစ်ပါသည်။ အစုရှယ်ယာရှင်များအား အကျိုးအမြတ်အထိ ရောက်ဆုံး ခွဲဝေပေးနိုင်ရန်ရည်ရွယ်၍ နိုင်ငံတကာ အများပိုင်ကုမ္ပဏီကြီးများ၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန်အတွက် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါသည်။ အများပြည်သူသို့ အစုရှယ်ယာ စတင်ရောင်းချခြင်းကို (၁၆.၈.၂၀၁၂)နေ့ တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်အထိ အစုရှယ်ယာဝင်ဦးရေ(၁၃၄၃)ပါဝင်ရင်းနှီးမြှုပ်နှံလျှက်ရှိပါသည်။

## မျှော်မှန်းချက်

မြန်မာနိုင်ငံ၏ ဆန်စပါးလုပ်ငန်းနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဦးဆောင်အဖွဲ့အစည်းဖြင့် ရပ်တည်ဆောင်ရွက်အကျိုးပြုနိုင်ရန်။

## ဦးတည်ချက်များ

(၁) မြန်မာနိုင်ငံတွင် ဂုဏ်သတင်းထင်ရှားကျော်ကြားပြီး အကျိုးအမြတ်ရှိသော အများပိုင်ကုမ္ပဏီတစ်ခုအဖြစ် အောင်မြင်စွာ ရပ်တည်ဆောင်ရွက်နိုင်ရန်။

(၂) လယ်ယာစီးပွားရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ခြင်းဖြင့် သက်ဆိုင်သူ (Stakeholders) များအားလုံး အကျိုးဖြစ်ထွန်းစေပြီး မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေး လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကိုပါ အကျိုးပြုနိုင်ရန်။

(၃) အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားများနှင့် ဥစ္စာဓန ပိုမိုတိုးပွားကောင်းမွန်စေရန်အတွက် မဟာဗျူဟာမြောက်သော ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်။

(၄) လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှဦးဆောင် ဆောင်ရွက်ရန်။

(၅) မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးစေရန်အတွက် လိုအပ်သော အခြေခံအဆောက်အဦး (infrastructure) များ၊ သိုလှောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ (Logistics) လုပ်ငန်းများကို ဆောင်ရွက်ရန်။

(၆) မြန်မာ့ဈေးကွက် နှင့် ကမ္ဘာ့ဈေးကွက်တို့တွင် ထိပ်တန်းကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်ရန်။



# BACKGROUND INFORMATION OF MAPCO

On 21st January 2012, U Chit Khine, Chairman of **Myanmar Rice Federation (MRF)**, together with senior Central Executive Committee members of **MRF**, had a courtesy meeting with H.E. President U Thein Sein and cabinet ministers. The purpose of the meeting was to promote private-public partnership for the development of rice industry and agriculture sector of Myanmar. One of the outcomes of the meeting is to form a Public Company which can increase the investment and trade of the rice industry and agriculture sector. Hence, **Myanmar Agribusiness Public Corporation Limited (MAPCO)** was formed in 2012 under the guidance and initiative of Myanmar Rice Federation. **MAPCO** therefore acts as the business arm of **Myanmar Rice Federation**.

**MAPCO** was formally formed in August, 2012 as the Public Company, fully-owned by private investors. **MAPCO** intends to mobilize public savings and to foster broader investment in agriculture and agro-based industries of Myanmar. In addition, **MAPCO** is founded in response to the growing demand for a business corporation to lead the private sector of Myanmar's rice industry. Using market-based approaches and strategies, as well as working in partnership with stakeholders from the farmers to the exporters, **MAPCO** promises and promotes sustainability and profitability in the interest of national food security, rice and agriculture sector development of Myanmar. **MAPCO** works closely with the Government of Myanmar to set up and invest not only in modern rice mills and warehousing facilities but also on infrastructure and strategic projects to help alleviate poverty through agribusiness activities within the rural communities. The set of ideals that **MAPCO** carries is a paradigm shift from the previous agribusiness model to a more robust and comprehensive system.

The following details are about official incorporation of **MAPCO**:
**Incorporation Certificate** – No.134/2012-2013
(Issued by Department of Investment & Company Administration)

**Commencement of Business Certificate** – No.1/2012 (1-8-2012)
(Issued by Department of Investment & Company Administration)

**Commencement of Initial Public Offering** - (16-8-2012)
Numbers of shareholders (as of 2014-2015) – 1343 shareholders

## Vision

To be the vanguard of rice and agriculture industry of Myanmar

## Key Objectives

(1) To stand successfully as the most vibrant, dynamic and profitable public corporation in Myanmar


(2) To develop and sustain agribusiness activities so as to ensure prosperity for all stakeholders in the interests of national food security and rapid e conomic development

(3) To improve interest and wealth of shareholders by making long-term strategic investment


(4) To implement private sector-led development in agriculture and agro-based industries

(5) To develop and improve infrastructure and logistics with regard to economic development of Myanmar

(6) To be a market leader in Myanmar and in global market place




MAPCO's commitment to sustainable growth for rice industry and agriculture sector encompasses three main pillars as follows:



# အမှုဆောင်ဒါရိုက်တာများ (Executive Directors)



### U Chit Khine (Chairman)
ဦးချစ်ခိုင်

မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းကို တည်ထောင်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ Gold Delta ကုမ္ပဏီ၊ DENKO ကုမ္ပဏီ၊ Eden Group နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်တို့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။



### U Ye Min Aung (Managing Director)
ဦးရဲမင်းအောင်

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ အုပ်ချုပ်မှုဒါရိုက်တာ ဖြစ်ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏အထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကုန်သည်များနှင့်စက်မှုလက်မှုအသင်းချုပ်(UMFCCI) ၏ ဗဟိုအလုပ်အမှုဆောင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိပြီး ဧရာဟသာကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။



### U Aung Than Oo (Executive Director)
ဦးအောင်သန်းဦး

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏အမှုဆောင်ဒါရိုက်တာ၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဒုတိယဥက္ကဋ္ဌ၊ Nine Seas Co.,Ltd တွင်အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်နေသူဖြစ်ပါသည်။ လယ်ယာကဏ္ဍတွင် အတွေ့အကြုံများစွာရှိသူဖြစ်ပါသည်။



### U Thaung Win (Executive Director)
ဦးသောင်းဝင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ အမှုဆောင်ဒါရိုက်တာ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တွင်စီ/ခန့်အဖွဲ့ဝင် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၏ အထွေထွေအတွင်းရေးမှူး၊ Golden Lace Co.,Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်နေပါသည်။ ဆန်စက်တည်ဆောက်ရေးကဏ္ဍ၊ ပေါင်းဆန်ထုတ်လုပ်မှု၊ အခြောက်ခံစက်ထုတ်လုပ်တပ်ဆင်မှုနှင့်လယ်ယာကဏ္ဍတွင် အတွေ့အကြုံကောင်းများစွာရှိသူတစ်ဦးဖြစ်ပါသည်။



### Dr. Soe Htun (Executive Director)
ဒေါက်တာစိုးထွန်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏အမှုဆောင်ဒါရိုက်တာတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမော်တော်ယာဉ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌ Farmer Auto ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်နေသူဖြစ်ပါသည်။ သုတေသနနှင့် ဖွံ့ဖြိုးရေး၊ ပြည်သူ့ကျန်းမာရေးနှင့်စီးပွားရေးနယ်ပယ်တွင် အတွေ့အကြုံများစွာရှိသူဖြစ်ပါ သည်။



### U Hla Oo @ U Li Min (Executive Director)
ဦးလှဦး(ခ)ဦးလီမင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းအမှုဆောင်ဒါရိုက်တာ၊ Good Brother Co.,Ltd ၏ ဒါရိုက်တာ၊ VSK International Co.,Ltd ၏ ဒါရိုက်တာ၊ Good Brothers' Machinery Co.,Ltd ၏ ဒါရိုက်တာ၊ United Agricultural Products Processing and Trading Co.,Ltd ၏အုပ်ချုပ်မှုဒါရိုက်တာ၊ Kubota G.B.S Co.,Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာ၊ Good Brothers' Micro Financing Co.,Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာ၊ MCB Bank ၏ အမှုဆောင်ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။



### U Maung Maung Tin (Executive Director)
ဦးမောင်မောင်တင်

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းအမှုဆောင်ဒါရိုက်တာနှင့် Farmer Pho Yarzar Co.,Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပါသည်။



### U Kyaw Kyaw Win (Executive Director)
ဦးကျော်ကျော်ဝင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ အမှုဆောင်ဒါရိုက်တာ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တွင်စီ/ခန့် အဖွဲ့ဝင်၊ MAPCO မှ ရင်းနှီးမြှုပ်နှံထားသော Thilawa SEZ Holding Public Company တွင် ဒါရိုက်တာ၊ Sinma Furnishing Co.,Ltd အုပ်ချုပ်မှုဒါရိုက်တာ၊ ပုသိမ်မြို့နယ်အသင်း (ရန်ကုန်) ၏အထွေထွေအတွင်းရေးမှူး၊ အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များ အသင်းတွင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းတွင် အထွေထွေအတွင်းရေးမှူး ၊ မြန်မာနိုင်ငံဘက်စကတ်ဘောအဖွဲ့ချုပ်တွင် အထွေထွေအတွင်းရေးမှူးအဖြစ်တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး ဆောက်လုပ်ရေးကဏ္ဍတွင် လုပ်ငန်းအတွေ့အကြုံများစွာရှိသူတစ်ဦး ဖြစ်ပါသည်။



### U Tin Maung Hlaing (Executive Director)
ဦးတင်မောင်လှိုင်

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ အမှုဆောင်ဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။ ရေကြည်ဆန်စပါးကုမ္ပဏီလီမိတက်၊ Evergreen Autos ကုမ္ပဏီလီမိတက်တို့တွင် အုပ်ချုပ်မှုဒါရိုက်တာ၊ MAPCO မှတာဝန်ပေးစေလွှတ်၍ Myanmar Thilawa SEZ Holdings Public Company တွင်အမှုဆောင်ဒါရိုက်တာ၊ Max Myanmar Group နှင့် Myanmar National Telecom Holdings Public Co.,Ltd တို့တွင် ဒါရိုက်တာအဖြစ်လည်းကောင်း၊ မြန်မာ-ဂျပန်အသင်းတွင် ဗဟိုအလုပ်အမှုဆောင်အဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာအတွေ့အကြုံများစွာရှိသူဖြစ်ပါသည်။



### U Aung Myint (Executive Director)
ဦးအောင်မြင့်

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ အမှုဆောင်ဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းအထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် စီ/ခန့်အဖွဲ့ဝင်နှင့် ဘဏ္ဍာရေးမှူး၊ First Rice & Paddy Trading Co.,Ltd အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည် ဆန်စပါးရောင်းဝယ်ရေးနှင့်ပတ်သက်၍ အတွေ့အကြုံများစွာရှိသူတစ်ဦး ဖြစ်ပါသည်။



### U Htun Lwin (Executive Director)
ဦးထွန်းလွင်

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏အမှုဆောင်ဒါရိုက်တာဖြစ်ပါသည်။ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းတွင်ဥက္ကဋ္ဌ၊ MTSH ကုမ္ပဏီ၊ Myanmar Edible Oil Industrial Public Co.,Ld နှင့် မြန်မာနိုင်ငံသားများဘဏ်တို့တွင် အမှုဆောင်ဒါရိုက်တာအဖြစ်လည်းကောင်း၊ Myanmar Agricultural & General Development Public Co.,Ltd တွင် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရွှေမဲကုမ္ပဏီတွင် အုပ်ချုပ်မှုဒါရိုက်တာအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်နေသူ ဖြစ်ပါသည်။



### U Zaw Win Oo (Executive Director)
ဦးဇော်ဝင်းဦး

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း အမှုဆောင်ဒါရိုက်တာနှင့် Bright Time Co.,Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်ပါသည်။ နိုင်ငံတကာကုန်သွယ်ရေး၊ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍတို့တွင် အတွေ့အကြုံကောင်းများစွာ ရှိပါသည်။



### U Min Lwin Aung (Executive Director)
ဦးမင်းလွင်အောင်

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ အမှုဆောင်ဒါရိုက်တာနှင့် သိင်္ဂရတနာကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ထိပ်တန်းလူငယ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပါသည်။



### U Hla Myo (Executive Director)
ဦးလှမျိုး

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ အမှုဆောင်ဒါရိုက်တာနှင့် Auspicious Millennium Trading Co.,Ltd အုပ်ချုပ်မှုဒါရိုက်တာဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ထိပ်တန်းလူငယ်စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်ပါသည်။



### U R Yudh (Executive Director)
ဦးအာယု

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ အမှုဆောင်ဒါရိုက်တာ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စီ/ခန့်အဖွဲ့ဝင်နှင့် အသင်းချုပ်၏ စာရင်းစစ်၊ ရောဟသာကုမ္ပဏီလီမိတက် ၏အမှုဆောင် ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ လယ်ယာကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍတို့တွင် အတွေ့အကြုံကောင်းများစွာရှိသူဖြစ်ပါသည်။



### Daw Cho Cho
ဒေါ်ချိုချို

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ ဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တွင် တွဲဘက်စာရင်းစစ်အဖြစ်လည်းကောင်း၊ မြရွှေစင်ဆန်ရောင်းဝယ်ရေးတွင် အုပ်ချုပ်မှုဒါရိုက်တာအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းတွင် တွဲဖက်အတွင်းရေးမှူး၊ First Rice & Paddy (FRP) ပထမဆန်နှင့်စပါးရောင်းဝယ်ရေးကုမ္ပဏီ၏ Executive Director အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။



### Daw Cho The Zar Chi
ဒေါ်ချိုသဲဇာခြည်

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ဒါရိုက်တာနှင့် Shweli Hydropower Co., Ltd ၏ ကုမ္ပဏီ Cheif Represe - ntative တစ်ဦးလည်း ဖြစ်ပါသည်။



### D.Hay Man Win
ဒေါ်ဟေမန်ဝင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ ဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။



### D.Khin Mi Mi Soe
ဒေါ်ခင်မိမိစိုး

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ ဒါရိုက်တာနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ဗဟိုအလုပ်အမှုဆောင်အဖြစ်လည်းကောင်း၊ Myanmar Combiz Trading Co.,Ltd ၏ Assistant Director အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။



### Daw Yin Yin Lay
ဒေါ်ယဉ်ယဉ်လေး

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ဒါရိုက်တာနှင့် အကယ်ဒမီဆန်စက်နှင့် ပွဲရုံလုပ်ငန်း၏ အုပ်ချုပ်မှုဒါရိုက်တာ ဖြစ်ပါသည်။



### Dr.Soe Myint
ဒေါက်တာစိုးမြင့်

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ University of Public Health(Yangon)တွင် Public Health Techni-cal Advisor (Non- communicable disease control project) အဖြစ် တာဝန်ယူဆောင်ရွက်နေပါသည်။



### U Aung Win
ဦးအောင်ဝင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း(သီလဝါစီမံကိန်း)၏ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။



### U Kyaw Win Than
ဦးကျော်ဝင်းသန်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ဒါရိုက်တာနှင့်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏စီ/ခန့် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ရွှေဝတီစီမံးလမ်းမြေဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်(ဆန်စပါးအထူးပြု)၏ဒါရိုက်တာအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသူဖြစ်ပါသည်။



### U Aung Zaw Oo
ဦးအောင်ဇော်ဦး

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ ဒါရိုက်တာနှင့် UMFCCI တွဲဘက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တွဲဘက်အတွင်းရေးမှူး၊ အောင်နိုင်သစ္စာကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။



### U Kyaw Min Htin
ဦးကျော်မင်းထင်

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ဒါရိုက်တာနှင့် Myanmar Polestar Travel & Tours Co.,Ltd အုပ်ချုပ်မှုဒါရိုက်တာဖြစ်ပါသည်။



### U Kyaw Tin Myint
ဦးကျော်တင်မြင့်

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ ဒါရိုက်တာနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စီမံခန့်ခွဲရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ မျိုးစေ့၊ မြေဩဇာနှင့်စိုက်ပျိုးရေးဆေးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ Hope Flower Trading Co.,Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာအဖြစ်လည်းကောင်း၊ Golden Land East Asia Development Co.,Ltd. ၏ ဒါရိုက်တာအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။



### U Mg Mg Gyi
ဦးမောင်မောင်ကြီး

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ ဒါရိုက်တာနှင့် Maung Maung Gyi Trading Co.,Ltd ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ Gold Delta Co., Ltd နှင့် Denko Trading တို့၏ ဒါရိုက်တာအဖြစ်လည်းကောင်း၊ Peacok Banner ၏ဒါရိုက်တာအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။



### U Nyan Htet
ဦးဉာဏ်ထက်

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ ဒါရိုက်တာနှင့် Shwe Alin Eain Car Auto Service တည်ထောင်သူ ဖြစ်ပါသည်။



### U Phyo Thaung Win
ဦးဖြိုးသောင်းဝင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ ဒါရိုက်တာနှင့် MAPCO Golden Lace Co.,Ltd ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။



### U Zaw Min Tun
ဦးဇော်မင်းထွန်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ဒါရိုက်တာနှင့်အဆွေတော်ဆန်စက်၏အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။



### U Zaw Phe Win
ဦးဇော်ဖေဝင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ ဒါရိုက်တာနှင့်အားမာန်ပညာရိပ်သာ တည်ထောင်သူဖြစ်ပါသည်။ " စီမံကိန်းဝင်းနိုင် " ကလောင်အမည်ဖြင့် စာနယ်ဇင်းများတွင် စီးပွားရေးနှင့်ပတ်သက်သော ဆောင်းပါးများကို ရေးသားလျက်ရှိပါသည်။

# ဒါရိုက်တာအဖွဲ့၏ အစီရင်ခံတင်ပြစာ
## (Directors' Report)

၁။ ၂၀၁၄ ခုနှစ်တွင် ကျင်းပသော အထွေထွေအစည်းအဝေး၌ အမှုဆောင်ဒါရိုက်တာ (၁၅)ဦး ပါဝင်သည့် ဒါရိုက်တာအဖွဲ့ကို အဖွဲ့ဝင်(၃၁)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဒါရိုက်တာအဖွဲ့အစည်းဝေး( ၃ )ကြိမ်မြောက် ကျင်းပပြီး **MAPCO** အတွက် အဓိက အရေးကြီးသော မူဝါဒများ၊ မဟာဗျူဟာများ ချမှတ်ပေးခဲ့ပါသည်။ **MAPCO** ၏ကုမ္ပဏီရေးရာစီမံ အုပ်ချုပ်မှုစနစ် **(Corporate Governance)** အရ ဒါရိုက်တာ အဖွဲ့သည် မူဝါဒများချမှတ်ခြင်း၊ မဟာဗျူဟာများချမှတ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းများ အပေါ် သုံးသပ်ခြင်းနှင့် **MAPCO**အတွက် အကျိုးရှိစေမည့် အကြံဉာဏ်များပေးခြင်း စသော လုပ်ငန်းများကို ဆောင်ရွက်ရန်ဖွဲ့စည်းထားပါသည်။ ဒါရိုက်တာအဖွဲ့အစည်းအဝေးသည် သတ်မှတ်ချက်များအရ တစ်နှစ်လျှင်အနည်းဆုံး(၃)ကြိမ် ခေါ်ယူရန် ဖြစ်ပါသည်။

၂။ **MAPCO** ၏ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ လုပ်ငန်းလည်ပတ်ရေး၊ ဝန်ထမ်းရေးရာ၊ ဘဏ္ဍာရေးနှင့်ငွေကြေးစသော အဓိကကျသည့် နိစ္စဓူဝ လုပ်ငန်းဆောင်တာများကို ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာနှင့် အမှုဆောင်ဒါရိုက်တာများမှ တာဝန်ခွဲဝေဆောင်ရွက်ကြပါသည်။ အမှုဆောင် ဒါရိုက်တာများသည် အပတ်စဉ်၊ လစဉ်ပုံမှန်စည်းဝေးတိုင်ပင်ကြပြီး လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျှက်ရှိပါသည်။ (၇.၇.၂၀၁၅) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အရ အမှုဆောင်ဒါရိုက်တာများနှင့် ဒါရိုက်တာအချို့ကို လုပ်ငန်းများနှင့် လုပ်ငန်းခွဲအသီးသီး အား တာဝန်ယူကြီးကြပ်ကွပ်ကဲရန် တာဝန်ခွဲဝေ ပေးထားပါသည်။ **MAPCO** ၏ရင်းနှီးမြှုပ်နှံမှုပါဝင်သော **MAPCO Golden Lace**၊ **MAPCO E&C** ၊ **MJRI** ၊ **MJA/BMMM** စသော ကုမ္ပဏီများသည်လည်း သက်ဆိုင်ရာ **BOD** အစည်းအဝေးများကိုခေါ်ယူကျင်းပဆောင်ရွက်ကြပါသည်။ **MAPCO** တွင် အမှုဆောင်ဒါရိုက်တာများနှင့် ဝန်ထမ်းဌာနအကြီးအကဲများ ပါဝင်သည့် **Senior Management Committee** ကို ဖွဲ့စည်းခဲ့ပြီး အစည်းအဝေး လစဉ်ကျင်းပခဲ့ပါသည်။ ဌာနပေါင်းစုံ **Business Review Meeting** ကိုလည်း လစဉ်ကျင်းပပြီး လုပ်ငန်းဆောင်ရွက်မှုများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး သက်ရောက်မှုများ၊ ရလာဒ်များ၊ စိန်ခေါ်မှုများနှင့်အခက်အခဲများကို ဆွေးနွေးညှိနှိုင်း သုံးသပ်ဆောင်ရွက်ကြပါသည်။

၃။ ဒါရိုက်တာများနှင့် အကြီးတန်းစီမံခန့်ခွဲရေး ဝန်ထမ်းများ၊ **MAPCO** ၏ အကြံပေး ပုဂ္ဂိုလ်များ ဖွဲ့စည်း ပါဝင်သည့် ဘဏ္ဍာရေးနှင့် စာရင်းစစ် ကော်မတီ၊ ဝန်ထမ်းရေးရာနှင့် အမည်စာရင်း တင်သွင်းရေး ကော်မတီ၊ ထောက်ပံ့ချီးမြှင့်ငွေနှင့် အခကြေးငွေဆိုင်ရာ ကော်မတီများဖွဲ့စည်း ထားရှိပြီး ကြီးကြပ်ဆောင်ရွက်လျှက်ရှိပါသည်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်များတွင် ကော်မတီများ ပိုမိုတက်ကြွစွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ **MAPCO** အနေဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၉) ရက်တွင် ဖွင့်လှစ်သော **Yangon Stock Exchange** တွင် ပထမဦးဆုံး စာရင်းသွင်း **(Listed)** ဖြစ်မည့် အများပိုင်ကုမ္ပဏီ (၆) ခု စာရင်းတွင် ပါဝင်ရွေးချယ် ခံရပါသည်။ **MAPCO** မှ ထုတ်ဝေထားသော အစုရှယ်ယာများအား ၂၀၁၆ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း **Yangon Stock Exchange** တွင် စာရင်းသွင်းအဖွဲ့ဝင် ဖြစ်ရေးအတွက် လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်ဆောင်ရွက် လျှက်ရှိပါသည်။

၅။ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်၊ တတိယမြောက်နှစ်တွင် **MAPCO** အနေဖြင့် အကျိုးအမြတ်အနည်းငယ်ရရှိခဲ့ပါသည်။ ကုမ္ပဏီအနေဖြင့် ပိုင်ဆိုင်မှုများ တိုးပွားလာခြင်း၊ အနာဂတ်တွင် ဝင်ငွေနှင့် အကျိုးအမြတ်ရရန် သေချာသည့် ခိုင်မာသော ရင်းနှီးမြှုပ်နှံမှုများ ရှိနေခြင်းတို့သည်လည်း ကုမ္ပဏီပိုင်ရှင်များဖြစ်သည့် အစုရှယ်ယာရှင်အားလုံး၏ အကျိုးအမြတ်ပင်ဖြစ်ပါသည်။ ဒါရိုက်တာအနေဖြင့် အစုရှယ်ယာအများစုကို ရယူထားသောလည်း အစုရှယ်ယာအနည်းစုထည့်ဝင်ထားသော အစုရှယ်ယာရှင်များ၏ ဆန္ဒနှင့်မျှော်လင့်ချက်များကို အထူးနားလည်သဘောပေါက်ပါသည်။ ကုမ္ပဏီမှရရှိထားသော အကျိုးအမြတ်အနည်းငယ်အတွင်းမှ ဒါရိုက်တာအဖွဲ့၏ သဘောတူညီမှုဖြင့် အစုရှယ်ယာအနည်းငယ်ထည့်ဝင်ထားသူများကို အမြတ်ဝေစုခွဲဝေခြင်းအား ဆောင်ရွက်ရန်ဆုံးဖြတ်ထားပြီး နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပသောနေ့တွင် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် အတည်ပြုချက်ရယူနိုင်ရန် ကြေညာပေးမည်ဖြစ်ပါသည်။

၆။ **MAPCO** ၏ ဒါရိုက်တာများ၊ အမှုဆောင်ဒါရိုက်တာများအနေဖြင့် **MAPCO** ၏ ချမှတ်ထားသော စီးပွားရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများနှင့်အညီ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးတို့အတွက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။ အစုရှယ်ယာရှင်များ၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရေး၊ ခိုင်မာသောအကျိုးအမြတ်များရရှိစေရေးတို့အတွက် ဆောင်ရွက်လျှက်ရှိပါကြောင်းကို တင်ပြအပ်ပါသည်။


ဒါရိုက်တာအဖွဲ့
မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်

# ဘဏ္ဍာရေးနှင့်စာရင်းစစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း

ဘဏ္ဍာရေးနှင့် ငွေစာရင်းစစ်ဆေးခြင်းလုပ်ငန်းများအတွက် “U Thaung Aye Audit & Associates” အဖွဲ့အား External Audit အဖြစ်လည်းကောင်း၊ “MAT Audit & Professional Services” အဖွဲ့အား Independent Audit အဖြစ်လည်းကောင်း တာဝန်ပေးအပ်၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ MAPCO ၏ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို နောက်ပိုင်းတွင် ပူးတွဲတင်ပြထားပါသည်။ ဘဏ္ဍာရေးရှင်းတမ်း၏ကောက်နုတ်ချက်(Financial Highlights) ကို ကုမ္ပဏီစတင်တည်ထောင်သည့်နေ့မှစ၍ယနေ့အထိ (၃)နှစ်စာအားအစုရှယ်ယာရှင်များ အလွယ်တကူ လေ့လာနိုင်ရေးအတွက် အောက်တွင်ကောက်နုတ်ဖော်ပြထားပါသည်။


**Financial Analysis Report (2012-2013 FY to 2014-2015 FY)**

**Non-Current Assets (Assets)**





**Financial Analysis Report (2012-2013 FY to 2014-2015 FY)**

**Property,Plant & Equipment**






**PP&E Percentage**




## Financial Analysis Report (2012-2013 FY to 2014-2015 FY)

### Investment








## Financial Analysis Report (2012-2013 FY to 2014-2015 FY)





## Financial Analysis Report (2012-2013 FY to 2014-2015 FY)

### Profit and Loss




## Financial Analysis Report (2012-2013 FY to 2014-2015 FY)

# Administration Expenses (Total)





## Financial Analysis Report (2012-2013 FY to 2014-2015 FY) - Composition of Administration Expenses





2012-2013

## Financial Analysis Report (2012-2013 FY to 2014-2015 FY) - Composition of Administration Expenses





2013-2014




2014-2015

# အများပြည်သူသို့ ရှယ်ယာရောင်းချမှုအခြေအနေတင်ပြချက်

MAPCO ၏ သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းတွင် ပါဝင်သည့်ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်နှင့်စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အစုရှယ်ယာများကို ၂၀၁၂ ခုနှစ် ဩဂုတ်လမှ စတင်ရောင်းချခဲ့ပါသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအထိ ထုတ်ဝေရောင်းချထားသော အစုရှယ်ယာရောင်းချမှုအခြေအနေကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။



# အစုရှယ်ယာထည့်ဝင်ထားမှု အခြေအနေ

**Group - 1**

| No. | Group of Shares | Total Shares | Total Persons |
|---|---|---|---|
| 1. | 1-100 | 28,927 | 972 |
| 2. | 101-200 | 14,818 | 86 |
| 3. | 201-300 | 12,701 | 47 |
| 4. | 301-400 | 6,237 | 16 |
| 5. | 401-500 | 10,903 | 22 |
| 6. | 501-600 | 2,826 | 5 |
| 7. | 601-700 | 1,350 | 2 |
| 8. | 701-800 | 2,350 | 3 |
| 9. | 801-900 | 1,677 | 2 |
| 10. | 901-1000 | 76,950 | 77 |
| | | **158,739** | **1232** |

**Group -2**

| No. | Group of Shares | Total Shares | Total Persons |
|---|---|---|---|
| 1. | 1001-2000 | 62,803 | 39 |
| 2. | 2001-3000 | 38,300 | 14 |
| 3. | 3001-4000 | 35,000 | 9 |
| 4. | 4001-5000 | 59,550 | 12 |
| 5. | 5001-6000 | 11,087 | 2 |
| 6. | 6001-7000 | - | - |
| 7. | 7001-8000 | 30,555 | 4 |
| 8. | 8001-9000 | 26,600 | 3 |
| 9. | 9001-10000 | 119,145 | 12 |
| | | **383,040** | **95** |

**Group - 3**

| No. | Group of Shares | Total Shares | Total Persons |
|---|---|---|---|
| 1. | 10001-20000 | 184,500 | 11 |
| 2. | 20001-30000 | 30,000 | 1 |
| 3. | 30001-40000 | 33,350 | 1 |
| 4. | 40001-50000 | 300,000 | 6 |
| 5. | 50001-60000 | - | - |
| 6. | 60001-70000 | - | - |
| 7. | 70001-80000 | - | - |
| 8. | 80001-90000 | - | - |
| 9. | 90001-100000 | 100,000 | 1 |
| | | **647,850** | **20** |

**Group - 4**

| No. | Group of Shares | Total Shares | Total Persons |
|---|---|---|---|
| 1. | 100001-Above | 330,000 | 1 |
| | | **330,000** | **1** |

| No. | Group | Total Shares | Total Persons |
|---|---|---|---|
| 1. | Group - 1 | 159,739 | 1233 |
| 2. | Group - 2 | 382,040 | 95 |
| 3. | Group - 3 | 647,850 | 20 |
| 4. | Group - 4 | 330,000 | 1 |
| | | **1,519,629** | **1,349** |

# အစုရှယ်ယာ အများဆုံးထည့်ဝင်ထားသူ (၅၀)ဦးစာရင်း

List of Top 50 Shareholders (IPO to November 2015)

| Sr. | Name | Shares | Amount(k) | % |
|---|---|---|---|---|
| ၁ | ဦးချစ်ခိုင် | 330,000 | 3,300,000,000 | 20.69 |
| ၂ | ဦးထွန်းလွင် | 100,000 | 1,000,000,000 | 6.27 |
| ၃ | ဦးခင်မောင်အေး | 50,000 | 500,000,000 | 3.14 |
| ၄ | ဦးဇော်ဇော် | 50,000 | 500,000,000 | 3.14 |
| ၅ | ဦးဇော်ဝင်းရှိန် | 50,000 | 500,000,000 | 3.14 |
| ၆ | ဦးလှမျိုး | 50,000 | 500,000,000 | 3.14 |
| ၇ | ဦးကျော်လင်း | 50,000 | 500,000,000 | 3.14 |
| ၈ | Yangon Land Co;Ltd | 50,000 | 500,000,000 | 3.14 |
| ၉ | Nine Road Company | 33,350 | 333,500,000 | 2.09 |
| ၁၀ | ဦးမောင်မောင်ကြီး | 30,000 | 300,000,000 | 1.88 |
| ၁၁ | ဒေါ်ခင်မို့မို့ရှိန် | 27,695 | 299,026,000 | 1.74 |
| ၁၂ | ဦးအောင်သန်းဦး | 20,000 | 200,000,000 | 1.25 |
| ၁၃ | ဒေါက်တာစိုးထွန်း | 20,000 | 200,000,000 | 1.25 |
| ၁၄ | ဒေါ်ဇင်မင်းမင်းဦး | 20,000 | 200,000,000 | 1.25 |
| ၁၅ | ဦးလှဦး | 20,000 | 200,000,000 | 1.25 |
| ၁၆ | ဦးကျော်ကျော်ဝင်း | 20,000 | 200,000,000 | 1.25 |
| ၁၇ | Good Brother Co.Ltd | 20,000 | 200,000,000 | 1.25 |
| ၁၈ | ဦးဝင်းထိန်ဝင်း | 15,447 | 164,027,600 | 0.97 |
| ၁၉ | ဦးတင်လှ | 15,000 | 150,000,000 | 0.94 |
| ၂၀ | ဦးနေမျိုးဇော် | 13,500 | 145,800,000 | 0.85 |
| ၂၁ | ဦးကျော်မင်းထင် | 13,000 | 132,400,000 | 0.82 |
| ၂၂ | ဦးတင်မြင့်(ခ)<br>ဦးကျော်တင်မြင့် | 12,000 | 120,000,000 | 0.75 |

List of Top 50 Shareholders (IPO to November 2015)

| Sr. | Name | Shares | Amount(k) | % |
|---|---|---|---|---|
| ၂၃ | ဦးရဲမင်းအောင် | 11,000 | 110,000,000 | 0.69 |
| ၂၄ | ဦးလှမောင်ရွှေ | 10,000 | 100,000,000 | 0.63 |
| ၂၅ | ဦးအောင်စိုးသာ | 10,000 | 100,000,000 | 0.63 |
| ၂၆ | ဦးသတိုးဟိန်း | 10,000 | 100,000,000 | 0.63 |
| ၂၇ | ဦးအာယု | 10,000 | 100,000,000 | 0.63 |
| ၂၈ | ဦးသောင်းဝင်း | 10,000 | 100,000,000 | 0.63 |
| ၂၉ | ဦးတင်မောင်လှိုင် | 10,000 | 100,000,000 | 0.63 |
| ၃၀ | ဦးကျော်ဇောအောင် | 10,000 | 100,000,000 | 0.63 |
| ၃၁ | ဦးအောင်မြင့် | 10,000 | 100,000,000 | 0.63 |
| ၃၂ | ဦးဇော်ဝင်းဦး | 10,000 | 100,000,000 | 0.63 |
| ၃၃ | ဦးမျိုးထွေး | 10,000 | 100,000,000 | 0.63 |
| ၃၄ | ဦးမောင်မောင်တင် | 10,000 | 100,000,000 | 0.63 |
| ၃၅ | ဦးမျိုးသူရအေး | 9,000 | 90,000,000 | 0.56 |
| ၃၆ | ဦးတင်ဝင်း | 9,000 | 90,000,000 | 0.56 |
| ၃၇ | ဦးစိန်ညွန့် | 8,600 | 86,000,000 | 0.54 |
| ၃၈ | ဒေါ်ဝင်းဝင်းအေး | 8,555 | 91,866,000 | 0.54 |
| ၃၉ | Bagan Investment Co.,Ltd | 8,000 | 80,000,000 | 0.50 |
| ၄၀ | ဦးမြင့်ကြည် | 7,500 | 75,000,000 | 0.47 |
| ၄၁ | ဒေါ်လှဲ့လှဲ့မော် | 7,500 | 81,000,000 | 0.47 |
| ၄၂ | ဦးဦးသွင် | 6,900 | 74,520,000 | 0.43 |
| ၄၃ | ဒေါ်စောစန္ဒီတင် | 5,986 | 59,860,000 | 0.38 |
| ၄၄ | ဦးမောင်မောင် | 5,101 | 51,010,000 | 0.32 |
| ၄၅ | ဦးကျော်မျိုးခိုင် | 5,000 | 50,000,000 | 0.31 |
| ၄၆ | ဦးလှမြင့် | 5,000 | 50,000,000 | 0.31 |
| ၄၇ | ဦးဝင်းမြင့် | 5,000 | 50,000,000 | 0.31 |
| ၄၈ | ဒေါ်မြတ်သူခိုင် | 5,000 | 50,000,000 | 0.31 |
| ၄၉ | ဦးအောင်ဖြိုး | 5,000 | 50,000,000 | 0.31 |
| ၅၀ | ဦးသိန်းဌေး(ခ) သိန်းထွန်း | 5,000 | 50,000,000 | 0.31 |
| ၅၁ | ဦးကျော်သင်း | 5,000 | 50,000,000 | 0.31 |
| ၅၂ | ဒေါက်တာအေးအေး | 5,000 | 50,000,000 | 0.31 |
| ၅၃ | ဦးအောင်ကျော်ဇော | 5,000 | 50,000,000 | 0.31 |
| ၅၄ | ဦးဝင်းထိုက် | 5,000 | 54,000,000 | 0.31 |
| **Total** | | **1,257,134** | **12,638,009,600** | **78.83** |

MAPCO SHARES HELD BY BOARD OF DIRECTORS (2014 2015)

| စဉ် | အမည် | အစု အရေအတွက် | ငွေပမာဏ | ရာခိုင်နှုန်း(%) |
|---|---|---|---|---|
| 1 | ဦးချစ်ခိုင် | 330000 | 3,300,000,000 | 20.69 |
| 2 | ဒေါက်တာစိုးထွန်း | 20000 | 200,000,000 | 1.25 |
| 3 | ဒေါ်ချိုချို | 1000 | 10,000,000 | 0.06 |
| 4 | ဦးရဲမင်းအောင် | 11000 | 110,000,000 | 0.69 |
| 5 | ဦးသောင်းဝင်း | 10000 | 100,000,000 | 0.63 |
| 6 | ဦးကျော်ကျော်ဝင်း | 20000 | 200,000,000 | 1.25 |
| 7 | ဦးအောင်မြင့် | 10000 | 100,000,000 | 0.63 |
| 8 | ဦးဇော်မင်းထွန်း | 3000 | 30,000,000 | 0.19 |
| 9 | ဦးအာယု | 10000 | 100,000,000 | 0.63 |
| 10 | ဦးတင်မောင်လှိုင် | 10000 | 100,000,000 | 0.63 |
| 11 | ဦးဇော်ဂင်းဦး | 10000 | 100,000,000 | 0.63 |
| 12 | ဦးမောင်မောင်တင် | 10000 | 100,000,000 | 0.63 |
| 13 | ဦးဖြိုးသောင်းဂင်း | 1000 | 10,000,000 | 0.06 |
| 14 | ဦးလှဦး(ခ)ဦးလီမင်း | 20000 | 200,000,000 | 1.25 |
| 15 | ဦးထွန်းလွင် | 100000 | 1,000,000,000 | 6.27 |
| 16 | ဦးအောင်သန်းဦး | 20000 | 200,000,000 | 1.25 |
| 17 | ဦးလှမျိုး | 50000 | 500,000,000 | 3.14 |
| 18 | ဦးအောင်ဇော်ဦး | 4000 | 40,000,000 | 0.25 |
| 19 | ဦးမင်းလွင်အောင် | 4000 | 40,000,000 | 0.25 |
| 20 | ဦးကျော်တင်မြင့် | 12000 | 120,000,000 | 0.75 |
| 21 | ဦးမောင်မောင်ကြီး | 30000 | 300,000,000 | 1.88 |
| 22 | ဒေါ်ချိုသဲဇာခြည် | 1000 | 10,000,000 | 0.06 |
| 23 | ဦးအောင်ဂင်း | 1500 | 15,000,000 | 0.09 |
| 24 | ဒေါ်ခင်မိမိစိုး | 1000 | 10,000,000 | 0.06 |
| 25 | ဦးကျော်မင်းထင် | 13000 | 132,400,000 | 0.82 |
| 26 | ဒေါက်တာစိုးမြင့် | 3000 | 30,000,000 | 0.19 |
| 27 | ဒေါ်ဟေမန်ဂင်း | 1000 | 10,000,000 | 0.06 |
| 28 | ဦးဇော်ဖေဂင်း | 1000 | 10,000,000 | 0.06 |
| 29 | ဦးဉာဏ်ထက် | 2000 | 20,000,000 | 0.13 |
| 30 | ဦးကျော်ဂင်းသန်း | 1000 | 10,000,000 | 0.06 |
| 31 | ဒေါ်ယဉ်ယဉ်လေး | 1000 | 10,000,000 | 0.06 |
| **စုစုပေါင်း** | | **711500** | **7,117,400,000** | **44.62** |

# စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ မှတ်တမ်းအကျဉ်းချုပ်

## စီးပွားရေးလုပ်ငန်းများဆောင်ရွက်မှု

- နေပြည်တော်(ပျဉ်းမနား)၊ ကျိုက်လတ်၊ တွံ့တေး၊ မအူပင်နှင့် လက်ပံတန်းမြို့နယ်များတွင် ခေတ်မီဆန်စက်များ တည်ထောင်ရင်းနှီးမြှုပ်နှံခြင်း။
- သီလဝါအကွက်အမှတ်(၂၈)တွင် နိုင်ငံတကာအဆင့်မီကောက်ပဲသီးနှံကုန်တင်/ကုန်ချတံတားနှင့် သိုလှောင်ရုံများ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း။
- စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းများ
- ခေတ်မီပေါင်းဆန်စက်များနှင့် အခြောက်ခံစက်များ၊ လယ်ယာသုံးစက်မှုကိရိယာများရောင်းချခြင်း။
- လယ်ယာထွက်ကုန်သီးနှံများအား အဆင့်မီကြိတ်ခွဲသန့်စင်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချခြင်း။
- ကန်ထရိုက်လယ်ယာလုပ်ငန်း။
- သီလဝါ အက်စ်အီးဇက်ဟိုးလ်ဒင်း အများပိုင်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံထားခြင်း
- စိုက်ပျိုးရေးလုပ်ငန်း အထွက်တိုးရေးအတွက် အဓိကသွင်းအားစုတစ်ခုဖြစ်သော အရည်အသွေးမြင့် ဓာတ်မြေဩဇာများ တင်သွင်း၍ ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်းတွင် ဓာတ်မြေဩဇာထုတ်လုပ်သော စက်ရုံတည်ထောင်ရင်းနှီးမြှုပ်နှံခြင်း။
- Myanmar National Telecom Holdings Public Co., Ltd တွင် တည်ထောင်သူအဖြစ် အစုရှယ်ယာထည့်ဝင်ခြင်း။






# နေပြည်တော် ဆန်စက် ဖွင့်လှစ်မှု မှတ်တမ်း





မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း၏ အဓိကလုပ်ငန်းတစ်ခုဖြစ်သော Integrated Rice Complex Project ဖွင့်လှစ်ခြင်းအခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာတွင် ၂၀၁၅ ခုနှစ် ဇွန်လ(၂၈) ရက်နေ့တွင် ကျင်းပခဲ့ရာ နိုင်ငံတော်ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်ပြည်ထောင်စုဝန်ကြီးများတက်ရောက်ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ စက်ရုံသည် တစ်နေ့လျှင် တန်(၁၀၀)ကျပေါင်းဆန်နှင့်တစ်နေ့လျင်တန်(၁၂၀) ကျ တန်းမြင့်ဆန်များကို ထုတ်လုပ်နိုင်ပြီး ထွက်ရှိလာသော တန်းမြင့်ဆန်များကို MJ Rice Brand ဖြင့်









ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးနိုင်ရုံမျှမက ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါသည်။ ကုန်ကြမ်းစပါး လိုအပ်ချက်ကို စပါးရိတ်သိမ်းရာသီပေါ်တွင် အခြေခံ၍ ဒေသအတွင်းရှိ တောင်သူများနှင့် အကျိုးတူ ကန်ထရိုက်လယ်ယာဆောင်ရွက်ခြင်းဖြင့် အရည်အသွေးကောင်းကုန်ကြမ်းများကို ရရှိမည်ဖြစ်ပါသည်။ MJ Rice တံဆိပ်ဖြင့် အသင့်ထုတ်ပိုးပြီး ကုန်ချောများကို ပြည်တွင်းဈေးကွက်သို့ ထိုးဖောက်ရောင်းချသွားမည်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်သို့လည်း ဈေးကွက်လိုအပ်ချက်အရ တင်ပို့သွားမည် ဖြစ်ပါသည်။

နိုင်ငံတကာသို့ အဆင့်မြင့်ဆန်နှင့် ဆန်ထွက်ပို့ကုန်ပစ္စည်းများ တင်ပို့ရောင်းချနိုင်ရန် အရည်အသွေးပြည့်ဝသော ကုန်ကြမ်းစပါးရရှိရန် အထူးအရေးကြီးပါသည်။ နေပြည်တော်ကောင်စီနယ်မြေ (၈)မြို့နယ်အပါအဝင် နီးစပ်ရာမြို့များတွင် ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးကောင်းမွန်သော ကုန်ကြမ်းစပါးကို ရရှိမည်ဖြစ်ပါသည်။ တောင်သူများအား အရည်အသွေးပြည့်ဝသော မျိုးကောင်းမျိုးသန့်စပါးမျိုး




များ ဖြန့်ဖြူးပေးခြင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ တင်သွင်းသော (အရည်အသွေး၊ စံချိန်၊ စံညွှန်း) အာမခံချက်ရှိသည့် ကောင်းမွန်သောဓာတ်မြေသြဇာများ ဖြန့်ဖြူးခြင်းဖြင့် စပါးအထွက်နှုန်းမြင့်မားလာစေရန်နှင့် အစေ့အဆန်ပြည့်ဝသော စပါးများရရှိနိုင်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အခြားအရေးကြီးသော သွင်းအားစု(Input) တစ်ခုဖြစ်သည့် စိုက်ချိန်၊ပျိုးချိန်တွင် လိုအပ်မည့် စိုက်ပျိုးစရိတ်ကိုလည်း အချိန်မီအခါမီထုတ်ပေးခြင်းဖြင့် ကန်ထရိုက်လယ်ယာ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အပြည့်အဝအားထုတ်စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ MAPCO နှင့် အကျိုးတူပူးပေါင်း လုပ်ကိုင်လျက်ရှိသော ကန်ထရိုက်လယ်ယာများတွင် မြေပြင်ခြင်းလုပ်ငန်းများဖြစ်သည့် ထယ်ထိုးခြင်း၊ ထွန်ယက်ခြင်း၊ ကြမ်းတုန်းရိုက်ခြင်း၊ ဒါးစက်လိုက်ခြင်း၊ (ထယ်/ ထွန်/ ရိုတာ/ ဘလိတ်)စသည့် supply chain တစ်လျှောက် အရေးကြီးဆုံး အခြေခံအဆင့်ဖြစ်သည့် မြေပြင်ခြင်း၊ ထယ်ရေးထွန်ရေးလုပ်ငန်းများမှအစ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးရာသီချိန်တစ်လျှောက် လယ်သမားများကြုံတွေ့နေရသည့် အခက်အခဲများကို ကုမ္ပဏီမှ ကွင်းဆင်းကူညီဖြေရှင်းလျှက်ရှိပါသည်။



နေပြည်တော်ဆန်စက်မှ ရွှေဘိုပေါ်ဆန်း၊ ကောက်ညှင်းဆန်၊ ဧည့်မထ၊ ပေါင်းဆန်၊ ရှမ်းဆန်များကို စားသုံးသူများထံ တိုက်ရိုက်ရောက်ရှိအောင် ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်ပါသည်။ အဆိုပါ ပေါင်းဆန်နှင့်ဆန်ဖြူကြိတ်ခွဲသန့်စင်စက် (နေပြည်တော်)သည် MAPCO ၏ ဆန်စက်စီမံကိန်းများအနက် ပထမဦးဆုံးဖွင့်လှစ်သော စီမံကိန်းဖြစ်ပါသည်။ ပေါင်းဆန်စက်ကို အိန္ဒိယနိုင်ငံ Induss Company မှလည်းကောင်း၊ ဆန်ဖြူကြိတ်ခွဲစက်ကို ဂျပန်နိုင်ငံ ဆာတာကေး(SATAKE)မှလည်းကောင်း၊ ဆန်စက်အရံပစ္စည်းများကို တရုတ်နိုင်ငံ ယုံးလျံကုမ္ပဏီမှလည်းကောင်း၊ Grain Silo များနှင့် အခြောက်ခံစက်များကို ကိုရီးယားနိုင်ငံ Ideal System / Daewoo မှလည်းကောင်း မှာယူတင်သွင်းပြီး MAPCO E&C မှ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။




ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ဒါရိုက်တာအဖွဲ့ဝင်များနှင့် မိတ်ဖက် Mitsui ကုမ္ပဏီမှ အဆင့်မြင့်အရာရှိကြီးများ

# သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ အကွက်အမှတ်(၂၈)တွင် နိုင်ငံတကာအဆင့်မီ ကောက်ပဲသီးနှံ ကုန်တင်/ကုန်ချတံတားနှင့်သိုလှောင်ရုံများ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း

နိုင်ငံတကာကုန်သွယ်မှုတွင် အဓိက အသက်သွေးကြောဖြစ်သည့် လမ်းကြောင်းမှာ ရေကြောင်းကုန်သွယ်မှုဖြစ်ပါသည်။ ရေကြောင်းကုန်သွယ်မှုတွင် ဆိပ်ကမ်းများမှာအရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဆန်စပါးပြည်ပတင်ပို့မှုတွင် ဆိပ်ကမ်းများ၏အရေးပါမှုသည်အဓိကကျပြီး နိုင်ငံတကာအဆင့်မီဆိပ်ကမ်းများပေါ်ပေါက်လာမှသာလျင်ပြည်ပသို့တင်ပို့ရာတွင် ပိုမိုအဆင်ပြေလာမည်ဖြစ်သဖြင့် ထိုက်သင့်သောဈေးနှုန်းများရရှိပြီး ပို့ကုန်ပမာဏလည်း တိုးတက်လာမည်ဖြစ်ပါသည်။ MAPCO ၏ ပြည်ပပို့ကုန်များနှင့်သွင်းကုန်များကို ကိုယ်ပိုင်ဆိပ်ကမ်းမှ တင်ပို့လုပ်ကိုင်နိုင်မည်ဖြစ်ပြီး အခြားဆိပ်ကမ်းဆိုင်ရာ နဝလီလုပ်ငန်းများကိုပါ လုပ်ကိုင်ရန် သီလဝါ အကွက်အမှတ်(၂၈)တွင် Port & Grain Terminal Project ကို အကောင်အထည်ဖော်ဆောင်ရွက်သွားလျှက်ရှိပါ သည်။

MAPCO ၏ နိုင်ငံတကာအဆင့်မီ ကောက်ပဲသီးနှံ ကုန်တင်ကုန်ချတံတားနှင့် သိုလှောင်ရုံလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်နှင့် အညီတည်ထောင် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားလျှက်ရှိပါကြောင်းနှင့် ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်တွင် လုပ်ငန်းစတင်ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျှက်ရှိပါကြောင်းနှင့် ၂၀၁၆ ခုနှစ် ပွင့်လင်းရာသီတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်မည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။







Dryer & Parboiled Plant



Parboiled Plant

# MAPCO Golden Lace Co.,Ltd

# ကျိုက်လတ်မြို့နယ်ရှိ ဆန်စက်စီမံကိန်း



မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ခေတ်မီဆန်စက်စီမံကိန်း **Integrated Rice Complex Project (IRCP)** ကို **MAPCO Golden Lace Co.,Ltd** မှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ **MAPCO** ကုမ္ပဏီမှ (၅၅) ရာခိုင်နှုန်းနှင့် **Golden Lace** ကုမ္ပဏီမှ (၄၅) ရာခိုင်နှုန်း ထည့်ဝင်ဆောင်ရွက်သော စီမံကိန်းဖြစ်ပါ သည်။

**MAPCO Golden Lace Co.,Ltd** ၏ ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် **MAPCO** မှ ဦးရဲမင်းအောင်၊ ဦးအောင်မြင့်၊ ဦးမင်းလွင်အောင်တို့နှင့် **Golden Lace Co.,Ltd** မှ ဦးသောင်းဝင်း၊ ဦးခင်မောင်ညွန့်၊ ဦးလှထွန်း၊ ဦးလှထွန်းအောင်၊ ဦးအောင်ကျော်၊ ဒေါ်ဆွေဆွေဝင်းတို့ ပါဝင်သော ဒါရိုက်တာအဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းထားပါသည်။

ကျိုက်လတ်မြို့နယ်တွင် မိုးစပါးစိုက်ဧက ၁၃၂၆၂၂ ဧက၊ နွေစပါး စိုက်ဧက ၁၂၂၇၀၄ ဧက ရှိပြီး စပါးအထွက်စုစုပေါင်း တင်းသိန်းပေါင်း ၁၆၇ သိန်းခန့် ထွက်ရှိပါသည်။ နီးစပ်ရာမြို့နယ်များဖြစ်သော ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ စသော ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များတွင် နွေစပါး၊ မိုးစပါး တင်း ၆၆၅ သိန်းခန့်ထွက်ရှိပါသည်။ ထို့ကြောင့် **MAPCO Golden Lace Co.,Ltd** ပိုင် ကျိုက်လတ် **IRCP** အတွက် ကုန်ကြမ်းစပါးရရှိနိုင်မှု လွယ်ကူနိုင်ပါသည်။

နွေစပါး၊ မိုးစပါးအဓိက စိုက်ပျိုးထုတ်လုပ်သော ကျိုက်လတ်မြို့နယ်ကို ကျောထောက်နောက်ခံပြု၍ မြေဧရိယာ (၅.၄၇)ဧကပေါ်တွင် **Integrated Rice Complex Project(IRCP)** ကိုတည်ဆောက်လျက်ရှိသည်။ စီမံကိန်းပထမအဆင့်







(တည်ဆောက်ဆဲ)
Silo Area & Parboiled Plant



Polisher & Whitener

တွင် ဆန်ဖြူတန်(၂၅၀)ကြိတ်ခွဲနိုင်သော ဆန်စက်(၂)လုံး၊ တစ်နေ့ပေါင်းဆန်တန်(၂၀၀) ထုတ်လုပ်ပေးနိုင်သော ပေါင်းဆန်စက်နှင့် တစ်လုံးလျှင် စပါးတန်(၅၀၀)လှောင်နိုင်သော **Silo** (၄)လုံး၊ **2.2MW** ထုတ်လုပ်နိုင်သော စပါးခွံ လောင်စာသုံးရေနွေးငွေ့တာဘိုင်လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ ပါဝင်မည်ဖြစ်ပါသည်။ ပထမပိုင်းအနေဖြင့် **MEPE** မှ လျှပ်စစ်ဓာတ်အားရယူ၍ ဆန်ဖြူတန်(၂၅၀)ဆန်စက်တစ်လုံးနှင့် တန်(၂၀၀)ပေါင်းဆန်စက်အား ၂၀၁၆ ခုနှစ် မေလတွင် စတင်လည်ပတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ **2.2MW** ဓာတ်အားပေးစက်မှာ အဆောက်အဦနှင့် စက်ပစ္စည်းများ အဆင်သင့်ရောက်ရှိပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် တပ်ဆင်သွားမည် ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း ပြီးစီးအောင်တပ်ဆင်သွားမည်ဖြစ်ပါ သည်။

ဧရာဝတီတိုင်းဒေသကြီး **IRCP** အဆင့်မြင့် ဆန်စက်စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆန်စက်တည်ဆောက် မည့် အလျားပေ(၃၀၀)၊ အနံပေ(၁၅၀) အကျယ်အဝန်းရှိ အဓိက အဆောက်အဦကြီး(၂)လုံးမှာ တည်ဆောက်ပြီးဖြစ်ပါသည်။ ယင်းအဆောက် အဦများအတွင်း ဆန်စက်ယန္တရားများတပ်ဆင်လျက်ရှိရာ (၆၀)ရာခိုင်နှုန်းခန့် ပြီးစီးလျက်ရှိပြီး ပေါင်းဆန်စက်လိုင်းတပ်ဆင်မှုလုပ်ငန်းများမှာ(၁၀၀)ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ပါသည်။ ယင်းနှင့်တွဲဖက်အသုံးပြုရမည့် ဘွိုင်လာစက်ရုံတပ်ဆင်ခြင်းလုပ်ငန်းများမှာလည်း ရာနှုန်းပြည့်အကောင် အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ပါသည်။

တရုတ်နိုင်ငံ **Muyang** ကုမ္ပဏီမှ ဝယ်ယူထားသော **silo** တပ်ဆင်ရန်အတွက် **foundation** လုပ်ငန်းများ ရာခိုင်နှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါသည်။

အထက်တွင်တင်ပြခဲ့သော **2.2 MW** ဓာတ်အားပေးစက်ရုံတည်ဆောက်လျက်ရှိရာ (၆၀)ရာခိုင်နှုန်းအကောင်အထည် ဖော် ဆောင်ရွက် ပြီးဖြစ်ပါသည်။ ဆန်စက်တွင်တပ်ဆင်မည့် စက်ယန္တရားများဖြစ်သည့် ခပ်ခွက်တိုင်များ၊ ကွန်ဗေယာများ၊ လှောင်ကန်များ၊ လွှန်ကွန်ဗေယာများအား **MAPCO E&C** စက်ရုံတွင် ထုတ်လုပ်လျက်ရှိပါသည်။

ဆန်စပါးအများဆုံးစိုက်ပျိုးသည့် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်နှင့် ဆက်စပ်လျက်ရှိသော ပတ်ဝန်းကျင် ဒေသရှိ တောင်သူလယ်သမားများအတွက် အားထားမှီခိုစရာ ဆန်စပါးအခြေခံ စက်မှုလုပ်ငန်းတစ်ခုအဖြစ် ခိုင်မာစွာရပ်တည်သွားရန်၊ ဒေသတွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ ခေတ်မီစိုက်ပျိုးရေးနှင့် ကြိတ်ခွဲရေးနည်းပညာများ ပြန့်ပွားလာစေရန်၊ ဆန်စပါးလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် မိမိတစ်ဦးတည်းအတွက်သာမက စိုက်ပျိုးသူလယ်သမားများအပါအဝင် ပတ်သက်ဆက်နွယ်သော လုပ်ငန်းနယ်ပယ်အားလုံး (**Supply Chain**) တွက်ခြေကိုက်သော လုပ်ငန်းဖြစ်ရန်စသည့် ရည်ရွယ်ချက်များဖြင့် စံနမူနာပြဆောင်ရွက်ရန် ရည်ရွယ်ထားရှိပါကြောင်း တင်ပြအပ်ပါသည်။




# စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းများ

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) လက်အောက်ရှိ လုပ်ငန်းများအနက် စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းမှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများကို တိုက်ရိုက်အကျိုးပြုသော လုပ်ငန်းကြီးတစ်ခုဖြစ်ပါသည်။ စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းများကို (၂၀၁၅)ခုနှစ် ဇန်နဝါရီလမှစတင်၍နေပြည်တော်၊ ရမည်းသင်း၊ အုတ်တွင်း၊ ရွှေညောင်၊ တွံတေး၊ သုံးခွ၊ မအူပင်၊ ကျိုက်လတ်၊





ဖျာပုံ၊ မြောင်းမြ၊ ဟသ်ာတ၊ အင်္ဂပူ၊ ဘိုကလေး၊ စစ်တွေ၊ ကျောက်တော်၊ ဇီးကုန်းမြို့နယ်များတွင် ထွန်စက်ကြီးများဖြင့် မြေပြုပြင် ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်ခြွေလုပ်ငန်းများဆောင်ရွက်ခြင်း၊ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်းနှင့် မြေလွတ် မြေရိုင်းများအား စိုက်ပျိုးမြေအဖြစ် ပြုပြင်ဖော်ထုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျှက်ရှိပါသည်။

ခေတ်မီ New Holland အမျိုးအစား ထွန်စက်အစီး(၁၂၀)နှင့် Kubota အမျိုးအစား ရိတ်သိမ်းခြွေလှေ့စက် အစီး(၆၀)ကျော်ဖြင့် ဆန်စပါးအဓိကစိုက်ပျိုးရာမြို့နယ်ပေါင်း(၂၆) မြို့နယ်တွင် ထွန်ယက်ဧက(၃၆, ၀၀၀)ကျော်၊ ရိတ်သိမ်းဧက (၁၃, ၀၀၀)ကျော်ကို အကျိုးပြုဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ခေတ်စနစ်













အရကြုံတွေ့ရလျက်ရှိသောလယ်ယာလုပ်သားရှားပါးမှုနှင့်ပြောင်းလဲလာသောရာသီဥတုအခြေအနေအရ စက်မှုလယ်ယာလုပ်ငန်းမှာ မရှိမဖြစ်လိုအပ်သော လုပ်ငန်းတစ်ခုဖြစ်ပြီး၊ တဖက်တလမ်းမှလည်းကုမ္ပဏီ၏အကျိုးစီးပွားကိုပံ့ပိုးပေးနိုင်သောလုပ်ငန်းကြီးတစ်ရပ်ဖြစ်ပါသည်။ အနာဂတ်ရည်မှန်းချက်များအနေဖြင့် မြန်မာနိုင်ငံတဝန်းရှိလယ်ယာကဏ္ဍတွင် စက်မှုလယ်ယာအသွင်ကူးပြောင်း၍ တောင်သူများအကျိုးဖြစ်ထွန်းစေခြင်း၊ လယ်ယာထွက်ကုန်သီးနှံများ အရည်အသွေးမြင့်မားလာစေခြင်းနှင့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို ရေရှည်ပံ့ပိုးပေးနိုင်သော ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်စေခြင်း စသည့်ရည်မှန်းချက်ကောင်းများစွာဖြင့် နှစ်စဉ်တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။





**MAPCO** ၏ စက်မှုလယ်ယာလုပ်ငန်းဌာန၊ ဝန်ထမ်းများအား ပြည်ပမှ ကျွမ်းကျင်သူ၏ လက်တွေ့သင်တန်းပို့ချနေမှု

# Yangon Stock Exchange တွင် စာရင်းဝင်ကုမ္ပဏီဖြစ်စေရန် ဆောင်ရွက်ထားရှိမှုများ




**MAPCO** သည် ၂၀၁၂ ခုနှစ်မှ စတင်ပေါ်ပေါက်လာသော သက်တမ်းနုနယ်သေးသည့် ကုမ္ပဏီတစ်ခု ဖြစ်သော်ငြားလည်း ခိုင်မာသော အစုရှယ်ယာ ထည့်ဝင်ထားရှိခြင်း၊ ဖွဲ့စည်းတည်ဆောက်ပုံကောင်းမွန်ခြင်းနှင့် နိုင်ငံတကာမှ ကုမ္ပဏီကြီးများ၏ ယုံကြည်စိတ်ချစွာ ရင်းနှီးမြှုပ်နှံထားရှိမှုများရရှိထားခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် ပထမဦးစွာ ပေါ်ပေါက်လာမည့် **Yagon Stock Exchange(YSX)** တွင် စာရင်းဝင်ကုမ္ပဏီဖြစ်နိုင်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ **YSX** တွင် စာရင်းဝင်ကုမ္ပဏီဖြစ်ပါက ရှယ်ယာများကို အဆင်ပြေချောမွေ့စွာ ရောင်းချနိုင်မည်ဖြစ်ပါသည်။ ထိုသို့ စာရင်းဝင်ကုမ္ပဏီများသည် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံရန်လိုအပ်ပြီး **Corporate Governance** ဖြင့် နည်းစနစ်ကျကျ စီမံခန့်ခွဲခြင်း၊ **Financial Rules** များကိုစနစ်တကျလိုက်နာခြင်းနှင့် တရားဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခြင်းတို့ကို သေချာစွာဆောင်ရွက်ရပါသည်။

**MAPCO**အနေဖြင့် **Daiwa Securities Group**၊ **Myanmar Securities Exchange Centre** (MSEC) တို့နှင့် ပူးပေါင်း၍ စာရင်းဝင်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ် မေလ ၂၄ ရက်ကတည်းက စတင်ဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေအကြံပေးအဖြစ် **Kelvin Chia Yangon Ltd (KCY)** နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နေပါသည်။ ထို့အပြင် **Price Waterhouse Cooper** (PWC) အား **MAPCO** ၏ **Financial Consultant** အဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ **Yangon Stock Exchange** ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် စတင်ဖွင့်လှစ်သောအခါ ပထမဦးဆုံးစာရင်းဝင် **Listed** ပြုလုပ်မည့် ကုမ္ပဏီ (၆) ခုတွင် **MAPCO** အနေဖြင့် ရွေးချယ်ခံရပါသည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံး **Listed** ပြုလုပ်မည့် ကုမ္ပဏီတစ်ခုဖြစ်လာခြင်းမှာ များစွာဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဖြစ်ပါသည်။ ဆက်လက်ပြီး ၂၀၁၆ ခုနှစ်တွင် အစုရှယ်ယာအရောင်းအဝယ်ကို **Yangon Stock Exchange** တွင် စတင်ရောင်းချနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

# အစုရှယ်ယာလက်မှတ်များ ဆက်လက်အသုံးပြုနိုင်မည်မဟုတ်တော့ကြောင်း အသိပေးကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံ လက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ ပုဒ်မ ၇၁(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စတော့ရှယ်ယာ ရောင်းဝယ်ဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန်နှင့် ငွေချေးသက်သေခံလက်မှတ် လွှဲပြောင်းမှုများကို အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ဆောင်ရွက်နိုင်ရန် အတွက် အမိန့်ညွှန်ကြားချက် ထုတ်ပြန်ထားပါသည်။

MAPCO အပါအဝင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းထားသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများသည် စတော့အိပ်ချိန်းတွင် စတော့ရှယ်ယာများကို ရောင်းဝယ်လိုပါက အီလက်ထရောနစ်နည်းစနစ်ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ MAPCO ၏လက်ရှိထုတ်ဝေထားသောအစုရှယ်ယာလက်မှတ်များကို electronic စနစ်ပြောင်းလဲရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ Yangon Stock Exchange သည် electronic စနစ်ဖြင့် ခေတ်မီနည်းပညာသုံးထား၍ လက်ရှိအသုံးပြုနေသော ရှယ်ယာလက်မှတ်များကို ဆက်လက်သုံးလို့မရနိုင်တော့ပါ။ paperless/cardless ဖြစ်ပြီဖြစ်၍ electronic စနစ်ကိုပြောင်းလဲအသုံးပြုမည်ဖြစ်သည်ကို အစုရှယ်ယာရှင်များမှ ကြိုတင်သိရှိထားပါရန်နှင့် အသေးစိတ်ကို အစုရှယ်ယာဌာနတွင် မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

# လယ်ယာထွက်ကုန်သီးနှံများအား အဆင့်မီကြိတ်ခွဲသန့်စင်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချခြင်း

## ဂျပန်နိုင်ငံသို့ ဒုတိယအကြိမ် ဧည့်မထ ၅% Long Grain တန်းမြင့်ဆန်(၆၀၀၀)တင်ပို့နိုင်ခြင်း

၂၀၁၄ ခုနှစ် ဇန်နဝါရီ လ ၁၀ ရက် တွင် Ministry of Agriculture,Forestry and Fisheries (MAFF) မှ ကမ္ဘာတဝန်းသို့ ခေါ်ယူခဲ့သော ဆန်တင်ဒါအား MAPCO မှတန်(၆၀၀၀)နှင့် ထိုင်းနိုင်ငံမှ တန်(၆၀၀၀) တင်ဒါအောင်မြင်ခဲ့ပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကြီးမှူး၍အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို RUMFCCI တွင် ကျင်းပခဲ့ပြီး ပြည်တွင်းရှိ အသေးစားနှင့်အလတ်စား ဆန်စပါးလုပ်ငန်းရှင်များထံမှ ဆန်လုံးရှည်နှင့် စပါးကုန်ကြမ်းများကို စာချုပ်စနစ်ဖြင့် ဝယ်ယူချုပ်ဆိုနိုင်ခဲ့ပါသည်။ ရေဟသာဆန်စက်၊ Gold Delda ဆန်စက်နှင့် ရွှေဇာခြည်ဆန်စက်တို့တွင် ကြိတ်ခွဲခဲ့ပါသည်။ ကုန်ကြမ်းမှစ၍ အဆင့်ဆင့်ကြိတ်ခွဲထုတ်လုပ်မှုများနှင့်ထုတ်ပိုးမှုအပိုင်းအထိ Overseas Merchandise Inspection Co.,Ltd (OMIC) မှလိုအပ်သော နမူနာကောက်ယူခြင်း၊ ကောက်ယူထားသောနမူနာများအား ဂျပန်နိုင်ငံသို့ တင်ပို့၍ ဓာတုဗေဒရုပ်ကြွင်းစစ်ဆေးခြင်း၊ ပြုပြင်ထုတ်လုပ်သောအဆင့်တိုင်းတွင် အထူးဂရုပြု၍ မျိုးကွဲများ မပါရှိစေရေးနှင့် ဖုန်၊ သဲ၊ ခဲ၊ အဖျင်းအမှော်၊ အမှိုက်သရိုက်များ ကင်းစင်ရေးကို စိစစ်ဆောင်ရွက်ခဲ့ပါသည်။

စတင်ကြိတ်ခွဲချိန်မှစ၍ ပြီးဆုံးသည်အထိ ကြိတ်ခွဲမှုအဆင့်ဆင့်တိုင်း၌ အရည်အသွေးလျော့ကျသည့် ထုတ်ကုန်များ(Contamination) ပါဝင်မှုမရှိစေရန် အထူးသတိပြုဆောင်ရွက်ခဲ့ပါသည်။ MAPCO ၏ စပါးနှင့်ဆန်များကို (Mailing and Reprocessing) နဝလီကြိတ်ခွဲသော ဆန်စက်ကြီးများသည် စားသောက်ကုန်နှင့်ပတ်သက်၍ နိုင်ငံတကာအသိအမှတ်ပြု သတ်မှတ်ချက်စံနှုန်းများအတိုင်း ထုတ်လုပ်ရာတွင်လည်းကောင်း၊ ကိုင်တွယ်ရာတွင်လည်းကောင်း၊ စိတ်ချရသော စားသောက်ကုန်များဖြစ်စေရန် လျော်ကန်သောထောက်ပံ့မှုနှင့် သတ်မှတ်စံနှုန်းရှိသည့် သင်တန်းများရယူထားသည့် ဝန်ထမ်း(လူစွမ်းအားအရင်းအမြစ်)များကို အသုံးပြုလျက် Sanitation Standard Operating Procedure (SSOP), Sanitation Control Procedure(SCP)နှင့် Good Manufacturing Practice(GMP)လုပ်ငန်းစဉ်များကို ကြပ်မတ်ဆောင်ရွက်ရသည့် HACCP procedure အတိုင်း ကျင့်သုံးလိုက်နာကြသော ဆန်စက်ကြီးများဖြစ်ပါသည်။ သို့ဖြစ်၍ MAPCO ၏ ပြည်ပတင်ပို့လျက်ရှိသော ကောက်ပဲသီးနှံများတွင် ဇီဝဗေဒနှင့်ဆိုင်သော အန္တရာယ်အဆင့်၊ ဓာတုဗေဒနှင့်ဆိုင်သော အန္တရာယ်အဆင့် စသည့် အဆင့်တိုင်းကို ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်လျက်ရှိပါသည်။ စားသောက်ကုန် ဘေးကင်းစိတ်ချရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ် (HACCP & GMP) ရယူထားသော ဆန်စက်ကြီးများတွင် ကြိတ်ခွဲခြင်း မွမ်းမံခြင်း ပြုလုပ်သဖြင့် မက်ကို ကုမ္ပဏီနှင့်မိတ်ဘက်ကုမ္ပဏီတို့၏ ရေရှည်အကျိုးစီးပွား ရရှိယုံမျှမက နှစ်နိုင်ငံအစိုးရ အချင်းချင်း၏ လုပ်ငန်းနယ်ပယ်အတွင်း ယုံကြည်စိတ်ချရသော ချစ်ကြည်ရင်းနှီးမှုကိုပါ ရည်ရွယ်ချက်ထား ဆောင်ရွက်နိုင်ခဲ့ကြပါသည်။Japan နိုင်ငံ Ministry of Agriculture Forestry and Fisheries(MAFF) သို့ ၂၀၁၃ ခုနှစ် မေလအတွင်း ပထမအကြိမ်တင်ပို့ခဲ့ပြီး ယခုတင်ပို့မှုသည် ဒုတိယအကြိမ်မြောက် တင်ပို့ခြင်းဖြစ်ပါသည်။ MAPCO မှ MAFF သို့ ဆန်တင်ပို့ရာတွင် Mitsui & Co.,Ltd မြန်မာပြည်ရုံးခွဲနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ တင်ပို့မှုတိုင်းတွင် Overseas Merchandise Inspection Co.,Ltd (OMIC) အနေဖြင့် အရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးမှုကို တင်းကြပ်တိကျစွာဆောင်ရွက်ခဲ့ပါသည်။ Japan နိုင်ငံ၏သတ်မှတ်ချက်များဖြစ်သော ကြိတ်ခွဲစဉ်ကာလအတွင်း Pre-shipment Sample Inspection(RMI) များပေး ပို့စစ်ဆေးခြင်းများကဲ့သို့သော တင်းကြပ်သည့် စစ်ဆေးမှုအဆင့်ဆင့် ပြုလုပ်ဆောင်ရွက်ရသဖြင့် MAPCO ကုမ္ပဏီမှလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကြိုးစားအားထုတ် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒုတိယအကြိမ် တင်ပို့မှုတွင်လည်း ၂၀၁၃ ခုနှစ် ပထမအကြိမ်တင်ပို့မှုထက် အရည်အသွေးပိုင်းတွင်လည်းကောင်း၊ သယ်ယူပို့ဆောင်မှုအပိုင်းတွင်လည်းကောင်း၊ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါ တန်းမြင့်ဆန်(၆၀၀၀)အား MV.MITO သင်္ဘောဖြင့် ၂၀၁၄ ခုနှစ် ဖွန်လ ပထမပတ်တွင် Asia World ဆိပ်ကမ်း၌ အောင်မြင်စွာ တင်ဆောင်နိုင်ခဲ့ပြီး ဂျပန်နိုင်ငံရှိ Mikawa မြို့သို့ ရောက်ရှိခဲ့ပြီးဖြစ်ပါကြောင်း မက်ကိုကုမ္ပဏီ၏ ပြည်ပဆန်တင်ပို့နိုင်မှုအပေါ် ဈေးကွက်ဝေစု ပိုမိုရရှိစေရေး မျှော်မှန်းချက်နှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအရေးကြီးသည့် ပြည်ပပို့ကုန်တိုးမြှင့်ရေးမူဝါဒအပေါ် ကြီးစွာသော အထောက်အပံ့ရရှိစေမည့် ဆောင်ရွက်ချက်ဖြစ်ပါကြောင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့်တင်ပြပါသည်။





# တရုတ်ပြည်သို့ ပထမဆုံးအကြိမ် တရားဝင်ဆန်တင်ပို့ခြင်းကို MAPCO မှ စတင်ဆောင်ရွက်

၂၀၁၅ ခုနှစ်အတွင်း၌ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပုံမှန်ကုန်သွယ်မှုလမ်းကြောင်း(Normal Trade) ဖြင့် တရားဝင် ဆန်တင်ပို့ရောင်းချနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်နိုင်ငံ အစိုးရကြား နားလည်မှုစာချွန်လွှာ (MoU)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ဆန်တန်ချိန်(၁၀၀,၀၀၀)အား တင်ပို့သွားရန်ဖြစ်ပါသည်။ တရုတ်ပြည်မှ သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း တင်ပို့သွားရန်ကိုလည်း နှစ်နိုင်ငံတာဝန်ရှိသူများမှ သဘောတူညီခဲ့ကြပြီး ကနဦး တင်ပို့မှုအဖြစ် နှစ်နိုင်ငံအစိုးရကိုယ်စား တရုတ်ပြည်မှ တင်သွင်းကုမ္ပဏီအဖြစ် **COFCO** နှင့် မြန်မာနိုင်ငံဘက်မှ တင်ပို့ကုမ္ပဏီအဖြစ် **MAPCO** အများပိုင်ကုမ္ပဏီတို့အကြား အရောင်းအဝယ်စာချုပ် ထပ်မံချုပ်ဆိုကာ အရည်အသွေးမြင့် ဧည့်မထ ၂၅% ဆန် တန်(၃,၀၀၀)အား တင်ပို့ရောင်းချသွားခြင်းဖြစ်ပါသည်။ တရုတ်ပြည်မှ ဆန်ဝယ်ယူရာတွင် သတ်မှတ်ထားသော သတ်မှတ်ချက်များအတိုင်း အရည်အသွေးနှင့် ပိုးမွှားကင်းစင်ရေးဆိုင်ရာ ကိစ္စရပ်များကို တရုတ်ပြည်၏စစ်ဆေးရေးအဖွဲ့ဖြစ်သော **AQSIQ** ဝန်ကြီးဌာနမှ စစ်ဆေးရေးကိုယ်စားလှယ်အဖွဲ့များ လာရောက်စစ်ဆေးကာ သတ်မှတ်ချက်များအတိုင်း စစ်ဆေးအတည်ပြုဆောင်ရွက်ပြီးမှသာ တင်ပို့မှုအား ခွင့်ပြုခြင်းဖြစ်ပါသည်။

**MAPCO**သည်အရေအတွက် ဦးစားပေးဖြစ်သော အာဖရိကနိုင်ငံများကိုသာမက အရည်အသွေးကို ဦးစားပေးသည့် ဥရောပနိုင်ငံများသို့ပါ တင်ပို့ခဲ့သော အတွေ့အကြုံများစွာရှိခဲ့ပြီးဖြစ်ပါသည်။ တရုတ်နိုင်ငံသို့ **Normal Trade** ဖြင့် ဆန်တင်ပို့ရာတွင် ဥရောပ၊ အာဖရိကနိုင်ငံများသို့ တင်ပို့သည့် ပုံစံနှင့်မတူဘဲ တရုတ်နိုင်ငံ၏ ထူးခြားသော သတ်မှတ်ချက်(တင်သွင်းမှုပုံစံ၊ စစ်ဆေးမှုပုံစံ)များကို **MAPCO** အနေဖြင့် တရားဝင်တင်ပို့ရောင်းချမှု အောင်မြင်ပြီးမြောက်စေရန်ဟူသည့် ဦးတည်ရည်မှန်းချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ခဲ့ပြီးဖြစ်ပါသည်။ ဆန်စပါး စိုက်ပျိုးမှုလုပ်ငန်းအဆင့်ဆင့်၊ ကြိတ်ခွဲမှုအဆင့်ဆင့်နှင့် ပြည်တွင်းပြည်ပဖြန့်ဖြူးရောင်းချမှု အတွေ့အကြုံကောင်းများရှိသော ကုမ္ပဏီအကြီးအကဲ(BoD)များ၏ လမ်းညွှန်ကြီးကြပ်မှု ဝန်ထမ်းအသီးသီး၏ မဆုတ်မနစ်သောအားထုတ်မှုနှင့် လုံ့လဝီရိယတို့၏ ရလာဒ်အဖြစ် ကြီးမားလှသော အိမ်နီးချင်း တရုတ်နိုင်ငံ၏ ဈေးကွက်ဝေစုကို မဂ်လာရှိစွာ လက်ဝယ်ရရှိခဲ့ပြီးဖြစ်ပါကြောင်းနှင့် တရုတ်ပြည်ဈေးကွက်၏ ကြီးမားကျယ်ပြန့်သော ဝယ်လိုအားအပေါ် ရေရှည်ဈေးကွက်ခိုင်မာစေရန် မျှော်မှန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## 4th Telecom Operator လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်မှု



မြန်မာနိုင်ငံတွင် **MPT , Ooredoo ,Telenor** စသောဆက်သွယ်ရေး **Telecom Operator** လိုင်စင်ယူထားသော အဖွဲ့အစည်းများရှိထာပြီးဖြစ်ပါသည်။ ထို့အပြင် **MECTEL** သည်လည်း **Operator** တစ်ဦးကဲ့သို့ **MPT** အစီအစဉ်ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။ ယခုအခါ စတုတ္ထမြောက် (**Fourth Telecom Operator**) ကို မြန်မာနိုင်ငံဘက်မှ အဆိုပြုသော အများပိုင်ကုမ္ပဏီများအနက်မှ စိစစ်ရွေးချယ်ပြီး အဆိုပါအရွေးချယ်ခံရသော အများပိုင်ကုမ္ပဏီများအားစုဖွဲ့၍ အထူးပြုကုမ္ပဏီတည်ထောင်မည်ဖြစ်ပါသည်။ အဆိုပါအထူးကုမ္ပဏီ အနေဖြင့် နိုင်ငံခြားအတွေ့အကြုံရှိသည့် **Telecom Operator** နှင့် ဖက်စပ်ပူးပေါင်း၍ စတုတ္ထမြောက်လိုင်စင်ကို ရယူရန် စီစဉ်ထားပါသည်။

ဤအစီအစဉ်ကို နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာဇော်ဦး၊ နိုင်ငံတကာအကြံပေး **Roland Berger** နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး တင်ဒါခေါ်ယူခဲ့ရာ **MAPCO** အနေဖြင့် ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ ယခုအဆိုပြုလွှာစိစစ်ရေးအဖွဲ့မှ **MAPCO** အား စိစစ်ရွေးချယ်ထားပြီးဖြစ်သောကြောင့် ကျန်ရွေးချယ်ခံရသော အများပိုင်ကုမ္ပဏီ(၁၁)ခုနှင့်ပူးပေါင်းပြီး အထူးကုမ္ပဏီ(**Special Company**)တွင် အစုရှယ်ယာထည့်ဝင်မည်ဖြစ်ပါသည်။ ထို့ပြင် **Special Purpose Vehicle - SPV**)ဖွဲ့စည်းပြီးဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ အကြံပေး **Roland Berger Strategy Consultant** တို့နှင့်ပူးပေါင်း၍ ယခုနှစ် နိုဝင်ဘာလမှ မတ်လ(၃၁)ရက်နေ့အထိ (၅)လတာအချိန်ကာလအတွင်း **Foreign Partner** ရွေးချယ်ခြင်းကိစ္စများကိုဆောင်ရွက်မည်ဖြစ်ပါသည်။ ကုမ္ပဏီ၏အမည်ကိုလည်း **Myanmar National Telecom Holding Public Limited** အမည်ဖြင့် ဖွဲ့စည်းထားရှိပါသည်။ **MAPCO** အနေဖြင့် **Myanmar National Telecom Holding Public Limited** တွင် အစုရှယ်ယာထည့်ဝင်ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# အများပြည်သူနှင့် အစုရှယ်ယာဝင်များထံသို့ အသိပေးဆောင်ရွက်ခြင်း




မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်း (**MAPCO**)သည် ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုအဝဝဖြစ်သော **Project** များ၊ အစည်းဝေးများ စသည့်သတင်းအချက်အလက်များကို အများပြည်သူသို့ သတင်းစာများမှဖြစ်စေ၊ **Social Media** များမှဖြစ်စေ အသိပေးကြေညာပြီး **Transparency Policy** ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ အစုရှယ်ယာဝင်များထံ **MAPCO Newsletter** ကို ပုံမှန် ဖြန့်ဝေ၍ **MAPCO** ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အရပ်ရပ်ကို အသိပေးတင်ပြလျက်ရှိပြီး **MAPCO** ၏ **Website** တွင်လည်း ဝင်ရောက်လေ့လာနိုင်ရန်ဆောင်ရွက်ထားရှိပါသည်။

## မြန်မာသီလဝါ အက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ်လီမိတက်တွင် MAPCO မှ ရင်းနှီးမြှုပ်နှံထားမှု

ရန်ကုန်တိုင်းဒေသကြီး ၊ ကျောက်တန်းမြို့နယ်အတွင်းရှိ သီလဝါဒေသတွင် မြန်မာ၊ ဂျပန် နှစ်နိုင်ငံအစိုးရတို့ လက်တွဲပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာအရ တည်ဆောက်အကောင်အထည်ဖော်မည့် အထူးစီးပွားရေးဇုန်စီမံကိန်းကို မြန်မာ –ဂျပန်ကုမ္ပဏီများ ဖက်စပ်ကုမ္ပဏီထူထောင်၍ ပူးပေါင်းလုပ်ကိုင်ရန်အတွက် မြန်မာသီလဝါအက်စ်အီးဇက် ဟိုးလ်ဒင်း ပတ်ဘလစ် လီမိတက်ကို ကနဦးတည်ထောင်သူ အများပိုင်ကုမ္ပဏီ (၉)ခုမှ စတင်တည်ထောင်ခဲ့ပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၃ ခုနှစ် မေလ(၃)ရက်နေ့စွဲပါ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် ၄၈၄/ ၂၀၁၃ – ၂၀၁၄ ဖြင့် ပေးရန်တာဝန် ကန့်သ တ်ထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ်ဖွဲ့စည်းတည်ထောင်ခွင့်ရရှိခဲ့ပါသည်။ ကုမ္ပဏီ၏ ခွင့်ပြုမတည်ရင်းနှီးငွေမှာ ကျပ်(၅၀၀)ဘီလီယံဖြစ်ပြီး၊ အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်းဖြင့် အစုရှယ်ယာပေါင်းသန်း(၅၀)ခွဲထားပါသည်။လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်( **Certificate for Commencement**) ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရရှိခဲ့ပြီး အများပြည်သူသို့အစုရှယ်ယာများ ကမ်းလှမ်းရောင်းချရန် လုပ်ငန်းညွှန်းတမ်း(**Prospectus** ) ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ လ (၂၇)ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ(၉၂)နှင့်အညီ ထုတ်ဝေခဲ့ပါသည်။ ကနဦးအစုရှယ်ယာ မတည် ငွေရင်းသည် သာမန်အစုရှယ်ယာပေါင်း (၃.၉)သန်းအတွက် တစ်စုလျှင် ကျပ်တစ်သောင်းဖြင့် ကျပ်(၃၉)ဘီလီယမ်ဖြစ်ပါသည်။ မူလတည်ထောင်သူ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (၉)ခု က (၄၅)ရာခိုင်နှုန်းနှင့် ညီမျှသည့် အစုရှယ်ယာပေါင်း (၁.၇၅၅)သန်းအတွက် ကျပ်(၁၇.၅၅)ဘီလီယမ်ကို ထည့်ဝင်ခဲ့ပြီး ၊ အများပြည်သူသို့ (၅၅)ရာခိုင်နှုန်းနှင့်ညီမျှသည့် အစုရှယ်ယာပေါင်း(၂.၁၄၅)သန်းတန်ဖိုးအားဖြင့် ကျပ်(၂.၄၅)ဘီလီယံကို ကမ်းလှမ်းရောင်းချခဲ့ပါသည်။ အဆိုပါ ကမ်းလှမ်းအစုရှယ်ယာများကို ခွဲဝေပြီးနောက် ကမကထပြုသူ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ(၉)ခုဖြစ်သည့် –

- ဖက်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက်
- ရွှေနိုင်ငံအရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်
- မြန်မာအဂရီ ဘစ္စနက်ပတ်ဘလစ်ကော်ပိုရေးရှင်းလီမိတက်
- မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင် လီမိတက် (အမ်အေဂျီဒီပီအယ်လ်)
- မြန်မာအယ်ဒီဘယ်(လ်)အွိုင်း(လ်)အင်ဒတ်စထရီရယ် ကော်ပိုရေးရှင်း (အမ်အီးအိုင်စီအို)လီမိတက်
- မြန်မာသကြားဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်
- မြန်မာ့နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းလီမိတက်
- အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးအုပ်စု ကုမ္ပဏီလီမိတက်
- မြို့တော်သစ်ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီ

တို့အပါအဝင် အစုရှယ်ယာပေါင်း ၁၇၉၉၀ ဦးရှိလာပြီး၊ ယခုအချိန်အထိ မြန်မာနိုင်ငံတွင် အစုရှယ်ယာရှင်အများဆုံးပါဝင်သည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီဖြစ်ပါသည်။ **Source from MTSH Annual Report**

# BMMM Co., Ltd. အမည်ဖြင့် ဓာတ်မြေသြဇာစက်ရုံ ရင်းနှီးမြှုပ်နှံမှု

မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင် ကော်ပိုရေး ရှင်း (MAPCO)၏ ဓာတ်မြေသြဇာ နှင့် စိုက်ပျိုးရေးသုံး ဆေးများဌာန (Agrochemical Department - MJA) အနေဖြင့် ဂျပန်နိုင်ငံမှ Mitsui & Co.,Ltd နှင့်ပူးပေါင်း၍ MJA ဖက်စပ်ကုမ္ပဏီဖွဲ့စည်းပြီး အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ယူရီးယားနှင့်ဓာတ်စုံမြေသြဇာများ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ Myanmar Japan Agrisolution Co.,LTd (MJA) ဖက်စပ်ကုမ္ပဏီအနေဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာလ (၁၇)ရက်နေ့တွင် ဂျပန်နိုင်ငံ Mitsui & Co.,Ltd. မှ ၆၀ % နှင့် MAPCO မှ ၄၀% အသီးသီး ထည့်ဝင်လျက် Shareholder Arrangement သဘောတူညီမှု စာချုပ်ချုပ်ဆိုခဲ့ပါသည်။

## MJA မှ တင်သွင်းဖြန့်ဖြူးသော ဓာတ်မြေသြဇာများ

MJA အနေဖြင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံမှ ထုတ်လုပ်သော Urea (Nitrogen -46%) ဓာတ်မြေသြဇာ (၂၀၀၀) မက်ထရစ်တန်၊ မလေးရှားနိုင်ငံမှထုတ်လုပ်သော N : P : K (15:15:15+7s) BB(Bulk Blended) ဓာတ်မြေသြဇာ (၁၀၀၀) မက်ထရစ်တန် နှင့် ၂၀၁၅ ခုနှစ် ဖွန်လတွင် ယင်း N:P:K BB ဓာတ်မြေသြဇာ(၅၀၀)မက်ထရစ်တန် ထပ်မံတင်သွင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်)၊ ဧရာဝတီတိုင်းဒေသကြီး နှင့် နေပြည်တော်တို့တွင် စမ်းသပ်ကွက်များဖော်ဆောင်ကာ တောင်သူများအတွက် ပညာပေးကာ စတင်ဖြန့်ဖြူး၍ ဈေးကွက်အတွင်း ကြော်ငြာမိတ်ဆက်ခဲ့ပါသည်။

## ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှု

ထို့အပြင် MAPCO ၏ အခြားဖြန့်ဖြူးရာလမ်းကြောင်း အဖွဲ့အစည်း(Sales Channel)များဖြစ်ကြသော -

- ဒေသအခြေပြုလယ်ယာစီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဌာန (Agribusiness Services Centre - ASC) များရှိရာ နေပြည်တော်၊ တွံတေး၊ သုံးခွ၊ မြောင်းမြ၊ မအူပင် တို့မှ လည်းကောင်း။
- ကန်ထရိုက်လယ်ယာစနစ် (Contract Farming) အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေမှလည်းကောင်း။
- မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (Myanmar Rice Federation -MRF) မှလည်းကောင်း။
- မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးရေးအသင်း(Myanmar Farmer Development Association - MFDAမှလည်းကောင်း။
- ဆန်စပါးအထူးပြုကုမ္ပဏီ(Rice Specializing Companies) မှလည်းကောင်း။
- ပြည်နယ်နှင့်တိုင်းဒေသအသီးသီးရှိ အရောင်းကိုယ်စားလှယ်(အဟောင်း + အသစ်)များမှလည်းကောင်း။
  တောင်သူများထံသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

ထို့အပြင် သုံးစွဲတောင်သူဦးကြီးများအတွက် ခေတ်မီစိုက်ပျိုးနည်းပညာပေးဆွေးနွေးပွဲများအား နေပြည်တော်(ရုံးခွဲ) နှင့် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့ရှိ Myanmar Five Stars Food Industry ၏ကြံစိုက်ကွင်းတို့၌ ၂၀၁၅ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် အသီးသီးကျင်းပပြုလုပ်ခဲ့ပါသည်။ ထို့အပြင် တောင်သူပညာပေးဆွေးနွေးပွဲများ၊ အရောင်းကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ အရောင်းမြှင့်တင်ရေးဆွေးနွေးပွဲများအား ၂၀၁၅ ခုနှစ် နိုဝင်ဘာလ နှင့် ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း ဈေးကွက်တိုးချဲ့မည့်ဒေသများ၌ ဆောင်ရွက်ရန် စီမံထားရှိပါသည်။

## ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

Agrochemical Department (ဓာတ်မြေသြဇာနှင့်စိုက်ပျိုးရေးသုံးဆေးများဌာန)အနေဖြင့်ဈေးကွက်လေ့လာသုံးသပ်ချက်အရ လာမည့် ၂၀၁၆ ခုနှစ် စိုက်ပျိုးရာသီချိန်မှ စ၍ ယခုဖြန့်ဖြူးနေသော Urea၊ N : P : K (15:15:15+7s) ဓာတ်မြေသြဇာများအပြင် တောင်သူများလိုအပ်သည့် အခြားဓာတ်မြေသြဇာအချိုးအစား (Ratio) မျိုးစုံပါဝင်သည့် ကွန်ပေါင်း (Compound Fertilizer) ဓာတ်မြေသြဇာ၊ ရွက်ဖြန်းဓာတ်မြေသြဇာ (Foliar Fertilizer)နှင့် အခြားအရည်အသွေးမြင့်ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးများအား နိုင်ငံတကာမှ ဝါရင့် အဆင့်မြင့် နည်းပညာအသုံးချ စိုက်ပျိုးရေးကုမ္ပဏီကြီးများမှ တင်သွင်း၍ တစ်နိုင်ငံလုံးရှိ တောင်သူဦးကြီးများလက်ဝယ်အရောက် MAPCO ၏ Resources (အရင်းအမြစ်များ) and Networks (ဈေးကွက်ကွန်ယက်များ)အသုံးချ၍ အညီဖြန့်ဖြူးရောင်းချသွားရန်ရည်ရွယ်ထားပါသည်။

## အရည်အသွေးမြင့်ဓာတ်မြေသြဇာများထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ

အဆင့်မြင့်ဓာတ်မြေသြဇာများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးဆေးပစ္စည်းများအား နိုင်ငံခြားဖက်စပ် ရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံအတွင်းထုတ်လုပ်၍ တောင်သူများထံ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ကနဦးဖွဲ့စည်းဆောင်ရွက်ခဲ့သည့် Mitsui နှင့် MAPCO တို့၏နှစ်ဦးအကျိုးတူ ဖက်စပ်လုပ်ငန်းဖြစ်သော Myanmar - Japan Agrisolution Co.,Ltd(MJA) မှသည် ဂျာမနီနိုင်ငံ၌ စတင်တည်ထောင်ပြီး အာရှနိုင်ငံများ ၌ ရုံးချုပ်၊ရုံးခွဲနှင့် မြေသြဇာစက်ရုံများစွာ တည်ထောင်ထားသော Behn Meyer(BM)ကုမ္ပဏီကြီးကိုပါ ဖိတ်ခေါ်လျက် BM + Mitsui + MAPCO တို့ပါဝင် သည့် (၃)ဦးပေါင်းဖက်စပ်ကုမ္ပဏီ(BMMM Co.,Ltd) အဖြစ် ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ တိုးချဲ့ဖွဲ့စည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေပါသည်။

Behn Meyer(BM) ကုမ္ပဏီကြီးသည် ကမ္ဘာနှင့်အဝှမ်း ဓာတ်မြေသြဇာများနှင့် စိုက်ပျိုးရေးသုံးဆေးများအား သုတေသနပြုခြင်း၊ ထုတ်လုပ်ခြင်း၊ အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများအား (၁၇၅)နှစ်ကြာ အောင်မြင်စွာ ဆောင်ရွက်ခဲ့သည့်အတွေ့အကြုံ များနှင့် Mitsui ကုမ္ပဏီကြီး၏ နိုင်ငံတကာနှင့်ဝင်ဆန့်သောတင်သွင်းဖြန့်ဖြူးရောင်းချမှု အတွေ့အကြုံများအားမိမိတို့MAPCO ၏ဒေသဆိုင်ရာ ဈေးကွက်ဖော်ဆောင်မှုနှင့်ဖြန့်ဖြူးမှုဆိုင်ရာ အရင်းအမြစ်၊ အတွေ့အကြုံနှင့် ဝန်ဆောင်မှုများဖြင့် ပေါင်းစပ်လျက် ပိုမိုတိုးတက်အောင်မြင်ဖြစ်ထွန်းသော ရေရှည်အကျိုးစီးပွားဖော်ဆောင်နိုင်မည့် BMMM ဖက်စပ်ကုမ္ပဏီကြီးအဖြစ် မကြာခင် ပေါ်ထွန်းလာတော့မည်ဖြစ်ပါသည်။ BMMM ကုမ္ပဏီသည် ရန်ကုန်တိုင်း သီလဝါအထူးစီးပွားရေးဇုန်တွင် မြေဧရိယာ ၃.၃ ဟက်တာ ရယူပြီး အမေရိကန်ဒေါ်လာ ၁၀ သန်းခန့် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်မည်ဖြစ်ပါသည်။ BMMM ကုမ္ပဏီတွင် MAPCO အနေဖြင့် အစုရှယ်ယာ ၄၀ ရာခိုင်နှုန်း၊ Behn Meyer(BM) နှင့် Mitsui တို့မှ ၆၀ ရာခိုင်နှုန်း ထည့်ဝင်ပြီး ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် စက်ရုံစတင်လည်ပတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# ဖက်စပ်လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ


## Myanmar Japan Rice Industry (MJRI)

## တွံတေးစီမံကိန်း



MAPCO သည် Mitsui & Co.,Ltd (Japan) နှင့်ပူးပေါင်း၍ Integrated Rice Complex Project ကိုအကောင်အထည်ဖော်ဆောင်ရွက်ရန် Myanmar Japan Rice Industry Co.,Ltd (MJRI) ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ MAPCO မှ အစုရှယ်ယာ ၅၁ ရာခိုင်နှုန်း Mitsui မှ အစုရှယ်ယာ ၄၉ ရာခိုင်နှုန်းတို့ဖြင့် ပူးပေါင်းဖွဲ့စည်းထူထောင်ထားကာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၇.၄.၂၀၁၅) ရက်စွဲပါ ခွင့်ပြုချက်ရရှိထားပြီးသော နိုင်ငံခြားဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ MJRI အနေဖြင့် အဆင့်မြင့်ဆန်ဖြူ၊ အဆင့်မြင့် ပေါင်းဆန်နှင့် ဆန်စပါးကို အခြေခံသော တန်ဖိုးမြင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် စပါးခွံမှ လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး စက်ရုံမှ ထွက်ရှိသည့် အဆင့်မြင့်ဆန်ဖြူနှင့် အဆင့်မြင့်ပေါင်းဆန်များကို ပြည်ပဈေးကွက်များသို့ တွင်တွင်ကျယ်ကျယ် တင်ပို့နိုင်ရေးအတွက် အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

MJRI
Myanmar Japan Rice Industry Co., Ltd.




- Integrated Rice Complex Project (IRCP) Tantwe
- High Quality Rice Trading
- Contract Farming



# IRCP

## တည်နေရာနှင့်လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်နေမှုများ



လက်ရှိပြည်တွင်းတွင် (Design & Building) အတွက် DB Tender များကို ပြည်တွင်းဆောက်လုပ်ရေး ကုမ္ပဏီများဆီမှ ခေါ်ယူပြီး MAPCO, Mitsui, MAPCO E&C နှင့် AECON တို့မှ Technicians များက အဆင့်ဆင့်စိစစ်ရွေးချယ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပမှ COFCO-Wuhan & CNTIC တို့ဖြင့် Initial Project Design(IPD Contract) ကို ၂၀၁၄ အောက်တိုဘာလအတွင်း ရေးဆွဲပြီးစီးခဲ့ပြီး ယခုအခါ Engineering and Procurement အတွက် Tender ပြန်လည်ခေါ်ယူလျက်ရှိပါသည်။ အင်ဂျင်နီယာလုပ်ငန်းများအတွက် လိုအပ်သော Soil Investigation Report ကို Fukken Co.,Ltd နှင့် အပ်နှံဆောင်ရွက်ပြီးစီး၍ စီမံကိန်းနယ်မြေသို့ အဝင်လမ်းလည်းဖောက်လုပ်ပြီးစီးပြီ ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် တွံတေးတူးမြောင်းကိုကျော်၍ 33KV Power Line တည်ဆောက်နိုင်ရန် Khin Maung Nyunt Co.,Ltd နှင့် Survey လုပ်ငန်းများဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ စီမံကိန်းအကောင်အထည်ဖော်မည့် ဧရိယာအတွင်း ပတ်ဝန်းကျင်မထိခိုက်စေရေးစစ်ဆေးခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာလုပ်ငန်းများအတွက် Environmental Impact Assessment (EIA Report) ကို MSDES Co., နှင့် အပ်နှံရေးဆွဲပြီး ဒေသခံများနှင့် တွေ့ဆုံသည့် Stakeholder Meeting များကိုနှစ်ကြိမ်တိုင်တိုင်အောင်မြင်စွာကျင်းပပြီးစီးခဲ့၍ Final Report ရရှိပြီးဖြစ်ပါသည်။

# MJ rice



ဆန်သည် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများတွင် အဓိက စားသုံးသည့် အစားအစာဖြစ်သည့် အတွက် **MAPCO** မှ အရည်အသွေးကောင်းမွန်ပြီး အဆင့်အတန်းမြင့်မားသော ဆန်များထုတ်လုပ်ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ **MAPCO** အနေဖြင့် ယခင်လုပ်ငန်း စတင်ဆောင်ရွက်စဉ်ကပင် ပြည်ပသို့ ဆန်တင်ပို့လျက်ရှိပြီး ယခုအခါတွင် ပြည်ပဈေးကွက်သာမကဘဲ ပြည်တွင်းဈေးကွက်၌ပါ စားသုံးသူများအတွက် အရည်အသွေးမြင့်မားသော ဆန်များ ထုတ်လုပ်ရောင်းချသွားနိုင်ရန်အတွက် ခေတ်မီအဆင့်မြင့် ဆန်စက်ကြီးများအား နေပြည်တော်၊ ကျိုက်လတ်နှင့် တွံတေးမြို့နယ်များတွင် တည်ဆောက်လျက်ရှိရာ နေပြည်တော်ဆန်စက်ကြီးအား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီးလုပ်ငန်းစတင်လည်ပတ်လျက်ရှိပါသည်။

**MAPCO** မှ တည်ထောင်ထားသည့် ခေတ်မီအဆင့်မြင့် ဆန်စက်ကြီးများမှ အရည်အသွေးမှန်၊ အလေးချိန်မှန်၊ တာရှည်ခံသော တန်းမြင့်ဆန်များကို ဂျပန်နည်းပညာများ အသုံးပြုကာ မြန်မာပြည်တွင်းတွင် "**MJ Rice**" အမည်ဖြင့် ထုတ်လုပ်ရောင်းချမည်ဖြစ်ပါသည်။ "**MJ Rice**" သည် **MAPCO** မှ ထုတ်လုပ်သော ကုန်အမှတ်တံဆိပ် (**Brand**)ဖြစ်ပြီး **Myanmar Products, Japan Standards** ကို ဆိုလိုပါသည်။

**MJ Rice** အမည်ဖြင့်

- ရွှေဘိုပေါ်ဆန်း
- ပေါင်းဆန်
- ရှမ်းဆန်
- ပုလဲသွယ်
- ရှမ်းကောက်ညှင်းဆန်

အစရှိသည့် ကျန်းမာရေးနှင့်ညီညွတ်သော အခြားတန်းမြင့် ဆန်များကို ဂျပန်နည်းပညာ ၊ ဂျပန်စံချိန်စံညွှန်းတို့ဖြင့် အရည်အသွေးဦးစားပေး၍ ခေတ်မီထုတ်ပိုးမှု ဖြင့် ထုတ်လုပ်ထားပါသည်။

# MAPCO E&C ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအကျဉ်းချုပ်

- နေပြည်တော် IRCP အတွင်း တည်ဆောက်ရေးလုပ်ငန်းများအတွက် ကိုယ်တိုင်ကြီးကြပ်တပ်ဆင်ခြင်း။
- နေပြည်တော်ဆန်စက်နှင့်ပေါင်းဆန်စက်အတွက် ဒီဇိုင်းရေးဆွဲပြီး လိုအပ်သောပစ္စည်းများထုတ်လုပ်ခြင်း၊ စက်ယူနစ်များအား ကိုယ်တိုင်ကြီးကြပ်ခြင်း။
- ခေတ်မီစပါးဆိုင်လို သိုလှောင်ရုံများအား လိုအပ်သော ပစ္စည်းများ ထုတ်လုပ်ပြီး ကိုယ်တိုင် ကြီးကြပ်တပ်ဆင်ခြင်း။
- ခေတ်မီစပါးဆိုင်လိုသိုလှောင်ရုံများအား လိုအပ်သော ပစ္စည်းများထုတ်လုပ်ပြီး ကိုယ်တိုင်ကြီးကြပ်တပ်ဆင်ခြင်း။
- နေပြည်တော်ဆန်စက်တွင် စပါးအခြောက်ခံစက်နှင့် စပါးသိုလှောင်ရုံများ ထပ်မံတည်ဆောက်ရန် ဒီဇိုင်းရေးဆွဲလျှက်ရှိခြင်း။
- တွံတေး IRCP အတွက် ဒီဇိုင်းရေးဆွဲရာတွင် Technical Consultant အဖြစ် ပါဝင်ဆောင်ရွက်ခြင်း။
- ကျိုက်လတ် IRCP အတွက်ဒီဇိုင်းရေးဆွဲခြင်း၊ကိုယ်တိုင်ကြီးကြပ်ဆောက်လုပ်ခြင်း၊လိုအပ်သောပစ္စည်းများထုတ်လုပ်ခြင်းနှင့်တပ်ဆင်ခြင်း။
- မအူပင်စက္ကူစက်ရုံမှ စက်ပစ္စည်းများအား ဖြုတ်ချခြင်းနှင့် ဆန်စက်တပ်ဆင်တည်ဆောက်ရန်အတွက် ဒီဇိုင်းရေးဆွဲခြင်း။
- လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာတွင် 3 ton/hr ဆန်စက်တစ်လုံးအား ဒီဇိုင်းရေးဆွဲပြီး ကိုယ်တိုင်တပ်ဆင်ခြင်း။







## ဆန်စက်လုပ်ငန်း၊ အခြောက်ခံစက်လုပ်ငန်းများ၏ တည်ဆောက်တပ်ဆင် လည်ပတ်ခြင်းကို MAPCO E&C မှ ဆောင်ရွက်လျှက်ရှိ

MAPCOသည် ပြည်တွင်းပေါင်းဆန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အိန္ဒိယနိုင်ငံထုတ် ခေတ်မီပေါင်းဆန်စက်များကို မှာယူတင်သွင်းပြီး ပြည်တွင်းရှိ ပုဂ္ဂလိကဆန်စက်လုပ်ငန်းရှင်များနှင့် ပေါင်းဆန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မော်လမြိုင်ကျွန်းမြို့၊ ဖျာပုံမြို့၊ ဘိုကလေးမြို့၊ ဝါးခယ်မမြို့၊ ရေကြည်မြို့၊ ကန်ကြီးဒေါင့်မြို့နယ်များရှိ ပုဂ္ဂလိကဆန်စက်များနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့၊ ပုတီးကုန်းမြို့များရှိ ပုဂ္ဂလိကဆန်စက်များတွင် တည်ဆောက်တပ်ဆင်ခဲ့ပါသည်။ ပေါင်းဆန်စက်များအပြင် ဆန်စက်ယူနစ်များ၊ အခြောက်ခံစက်များ၊ အခြားသောလယ်ယာလုပ်ငန်းသုံး စက်ကိရိယာများကို ပြည်ပမှ တင်သွင်းပြီး ပြည်တွင်းရှိလုပ်ငန်းရှင်များအတွက်ရောင်းချပေးခြင်း၊တပ်ဆင်ပေးခြင်းနှင့်ဒီဇိုင်းနှင့်အင်ဂျင်နီယာလုပ်ငန်းပိုင်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို MAPCO E&C မှ ဝန်ဆောင်မှုပေးလျှက်ရှိကြောင်း ဖော်ပြအပ်ပါသည်။






“ပတ်ဝန်းကျင်ထိမ်းသိမ်းရေး၊ စိမ်းလန်းစိုပြေရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် တန်ဖိုးထားပြီး ကမ္ဘာမြေကို နောင်မျိုးဆက်များအတွက် အကောင်းဆုံးအခြေအနေ ဖန်တီးပေးရန်ဟူသည့် ရည်ရွယ်ချက်”



# လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူဆောင်ရွက်မှု

# Corporate Social Responsibilites (CSR)




## Go Green, Save Planet

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(**MAPCO**)မှပတ်ဝန်းကျင်ထိမ်းသိမ်းရေး၊ စိမ်းလန်းစိုပြေရေးနှင့်သဘာဝ ပတ်ဝန်းကျင်အပေါ်တန်ဖိုးထားပြီး ကမ္ဘာမြေကို နောင်မျိုးဆက်များအတွက် အကောင်းဆုံးအခြေအနေ ဖန်တီးပေးရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ဝန်ထမ်းများသည် တွံ့တေးမြို့နယ် **IRCP** ပရဝုဏ်အတွင်း အရိပ်ရသစ်ပင်၊ အခြားသီးပင် ပန်းပင် အမျိုးပေါင်း (၂၀) အပင်အရေအတွက်အား ဖြင့် (၁၀၀၀)ကို သွားရောက်စိုက်ပျိုးခဲ့ကြပါသည်။ ထိုအပြင် နေပြည်တော်(ပျဉ်းမနား) ဆန်စက်အား စိမ်းလန်းစိုပြည်သည့် ဥယျာဉ်ကြီး၏ အလယ်တွင်ရှိသော ဆန်စက်(**Rice Mill in a Garden**) ဖြစ်စေရန် အရိပ်ရအပင်များ၊ ပန်းပင်များ၊ သီးပင်စားပင်များကို စနစ်တကျစိုက်ပျိုးထားရှိပါသည်။

## တွံ့တေးဆန်စက်ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းခြင်း။

ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ်တွင် **Intergrated Rice Complex Project (IRCP)**အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပတ်ဝန်းကျင်ရှိဒေသခံများ၏ လူမှုစီးပွားရေးဘဝအထောက်အကူဖြစ်စေရန်အတွက် အခါအားလျော်စွာ အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ **IRCP** ၏ပတ်ဝန်းကျင်ရှိ ဘုရားငုတ္တိုတောင်၊ ဘုရားငုတ္တိုမြောက်၊ ကံဘဲ့နှင့်ထော်သိုကျေးရွာများရှိ ဆင်းရဲချို့တဲ့သော ကျောင်းသားကျောင်းသူများအား ကျောင်းဖွင့်ရာသီအမီစာရေးကိရိယာများ ထောက်ပံ့လှူဒါန်းနိုင်ရေးအတွက် နွမ်းပါးသော ကျောင်းသား/သူ (၆၆၇)ဦးအတွက် စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ အစရှိသည့် စာရေးကိရိယာ



များကို တွံတေးမြို့နယ်လုံးကျွတ် ကျောင်းအပ်နံ့ရေးအခမ်းအနားတွင် **MAPCO** ကုမ္ပဏီမှ သွားရောက်လှူဒါန်း ခဲ့ပါသည်။

## MAPCO's Disaster Relief Mission

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်း(**MAPCO**) အနေဖြင့် သဘာဝဘေးအန္တရာယ်ဒဏ်ခံရသော ကျေးလက်နေ ပြည်သူများအား စာနာထောက်ထားသောအားဖြင့် **Disaster Relief Mission** ကို ဝန်ထမ်းများ၏ပါဝင်လှူပ်ရှားမှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။

သဘာဝဘေးဒဏ်ခံရသော ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတ မြို့နယ်၊ ဓမ္မိကျေးရွာအုပ်စု၊ အင်္ဂပူမြို့နယ် ညောင်ကျိုးအုပ်စု၊ မအူပင် မြို့နယ် ချောင်းကြီးရွာ၊ ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) လက်ပံတန်း မြို့နယ် ဇီးဖြူကုန်းကျေးရွာ အုပ်စုများသို့ ဆန်နှင့်အစား အသောက်များ၊ ဆေးဝါး များအပါအဝင်သောက်ရေသန့်၊ ခေါက်ဆွဲခြောက်၊ ကိတ်ခြောက်များ၊ ငါးသေတ္တာဗူးများ ကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ရေကြီးရေမြုပ် နေစဉ်တွင် သွားရောက်ပေးပို့လှူဒါန်းခဲ့ပါသည်။







# ၂၀၁၄ -၂၀၁၅ ခုနှစ် မှတ်တိုင်များ

မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်း (**MAPCO**)သည် ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်တွင်အောက်ပါလုပ်ငန်း များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင် ရွက်ခဲ့ပါသည်။

(၁) **Mitsui & Co.,Ltd** နှင့်ပူးပေါင်း၍ **Myanmar Japan Rice Industry Co., Ltd(MJRI)** ဖွင့်လှစ်တည်ထောင်ခြင်း။

(၂) နေပြည်တော် အဆင့်မြင့်ဆန်စက် ဖွင့်လှစ်ခြင်း။

(၃) **Securities Exchange Centre** သို့ဝင်ရောက်နိုင်ရေး အတွက် **MAPCO / Diawa Securities Group Inc/ Myanmar Securities Exchange Centre (MSEC)**တို့အကြား (MoU)လက်မှတ်ရေးထိုး ခြင်း။

(၄) ညှိမထ ၅% **Long Grain** တန်းမြင့်ဆန် တန်(၆၀၀၀)အား ဂျပန်နိုင်ငံသို့ ဒုတိယအကြိမ် တင်ပို့ခြင်း။

(၅) **Mitsui & Co.,Ltd** နှင့်ပူးပေါင်း၍ ဓာတ်မြေဩဇာစက်ရုံတည်ဆောက်နိုင်ရန် စာချုပ်ချုပ်ဆိုခြင်း။

(၆) နေပြည်တော် (**IRCP**) တွင် အဆင့်မြင့် တန်(၂၂၀)ကျဆန်စက်နှင့်တွဲဖက်လုပ်ကိုင် ဆောင်ရွက်မည့် ကန်ထရိုက်လယ်ယာနှင့် စက်မှုလယ်ယာအငှားလိုက်ဝန် ဆောင် မှုလုပ်ငန်း (**ASC**)ဖွင့်လှစ်ခြင်း။

(၇) မက်ကို၏ ပထမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပခြင်း။



www.mapco.com.mm

**Myanmar Agribusiness Public Corporation Limited (MAPCO)**

MAPCO Building, No.100, Wardan Street and Kan Nar Street, Beside the Concrete Express Way,
Wardan Port Area,Seik Kan (Port) Township,Yangon.

Tel: (95-1) 2301825, 2301826, 2301652, 2301653,
(95-9) 421135022, 421135033, 421135044
Fax: (95-1) 2301824
E-mail: admin@mapco-ygn.com